မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၀၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၅ခုနှစ် ဇူလိုင်၃၀ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံ အကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နိုင်ဂျီးရီးယားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ သွန်ဆင်၊ ဆန်းဒေး၊ အိုလူဖန်ဆို၊ အိုလူမိုကို သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ သွန်ဆင်၊ ဆန်းဒေး၊ အိုလူဖန်ဆို၊ အိုလူမိုကို၏ သံအမတ်ခန့်အပ်လွှာကို လက်ခံပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မိုဆန်ပါ့(ခ်)အိန်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဆန်ပါ့(ခ်)အိန်းအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

ဆည်မြောင်းတာတမံများကို ထိထိရောက်ရောက်အသုံးချ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထွက်ရှိအောင်ကြိုးပမ်း

ယနေ့မျက်မှောက်ကာလသည် နိုင်ငံတော်ကို ကွက်လပ်မကျန်ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံသားအားလုံး ရည်မှန်းထားသော အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်သို့ ရောက်ရှိစေရန်အတွက် အခြေခံကောင်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူပူးပေါင်းလက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်နေချိန် ဖြစ်သည်။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သည့်လမ်းစဉ်၊ လက်တွေ့ကျသည့် အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်၏စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် အခါမလပ် လမ်းညွှန်မှုပေးလျက် ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေရှားပါးသည့်ဒေသများတွင် လိုအပ်သည့်စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် ဖြည့်ဆည်းတည်ဆောက်ပေးရန် လမ်းညွှန်ခဲ့ပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဒေသခံပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ရေရရှိရေးစီမံကိန်းများကို စဉ်ဆက်မပြတ် ဖော်ဆောင်ပေးလျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်း၌ ရေလှောင်တမံစီမံကိန်း စုစုပေါင်း ၁၇၆ ခု တည်ဆောက်ဖွင့်လှစ်ပေးထားနိုင်ခဲ့ပြီ ဖြစ်သည်။

မန္တလေးတိုင်း တပ်ကုန်းမြို့နယ်တွင် ဇူလိုင်လ ၂၅ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည့် မြို့လှ(တပ်ကုန်း) ရေလှောင်တမံစီမံကိန်းသည် နိုင်ငံတော်၏ ၁၇၆ခုမြောက် ရေလှောင်တမံစီမံကိန်းဖြစ်သည်။ မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ မြို့လှချောင်းကိုပိတ်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် မြို့လှရေလှောင်တမံကို တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သည့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသများသည် ပူပြင်းခြောက်သွေ့ပြီး မိုးနည်းရပ်ဝန်းဒေသများ ဖြစ်သည်။ ရေလှောင်တမံ၊ ဆည်၊ ကန်များရှိသည့် ဒေသများကလွဲလျှင် အပူချိန်ပြင်းထန်ပြီး ရေမရရှိခြင်း၊ မိုးသီးနှံစိုက်ပျိုးရာတွင် ဖြစ်ထွန်းမှုနည်းပါးခြင်း၊ သောက်သုံးရေ လုံလောက်စွာ မရရှိခြင်းတို့ကြောင့် ယခင်က ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် အခြားဒေသများထက် နောက်ကျခဲ့သည်ကို တွေ့ခဲ့ရသည်။

ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် တပ်မတော်အစိုးရလက်ထက်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် လယ်ယာကုန်ထုတ်စွမ်းအားများ တိုးပွားရေးအတွက် ရေရရှိရေးစီမံကိန်းများကို မြန်မာနိုင်ငံအလယ်ပိုင်း၌ ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ မန္တလေးတိုင်းအတွင်းတွင် ဆည်မြောင်းတာတမံ စီမံကိန်း ၄၄ ခု ဖန်တီးဖော်ဆောင်ပေးခဲ့ရာ လယ်မြေဧက ၃၇၂၈၆၆ကျော်ကို အကျိုးပြုနေပြီ ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် ယခင်က မိုးနည်းရေရှား၍ လယ်ယာစီးပွား အဟန့်အတား ဖြစ်နေရသည့်ဘဝမှ လွန်မြောက်လာခဲ့ကြပြီ ဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် ဆည်ရေများဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရင်း မိမိတို့၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏စီးပွားရေး တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြတော့မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းတိုးတက်မြင့်မားစေရန်အတွက် ဖန်တီးဖော်ဆောင်ပေးထားသည့် ဆည်မြောင်းတာတမံ စီမံကိန်းများကို တောင်သူလယ်သမားများနှင့် တာဝန်ရှိသူများက ထိထိရောက်ရောက် အသုံးချပြီး စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထွက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာအကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပြစ်တင်ရှုတ်ချ

ဗီယင်ကျန်း ဇူလိုင် ၂၇

အပြစ်မဲ့ပြည်သူအများအပြား အသက်ဆုံးရှုံးသွားစေသည့် ဗြိတိန်နှင့် အီဂျစ်နိုင်ငံတို့၌ ကျူးလွန်သော အကြမ်းဖက်တိုက်ခိုက်မှုများမှာ ရက်စက်ရမ်းကားမှုများသာဖြစ်ကြောင်း အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နိုင်ငံခြားရေးဝန်ကြီးများက ထုတ်ဖော်ကြေညာလိုက်သည်။

စာနာ

ထိုသို့သော အကြမ်းဖက် တိုက်ခိုက်မှုမျိုးတို့ကို ရှုတ်ချကြောင်းနှင့် ထိုဗုံးခွဲ အကြမ်းဖက်မှုများကြောင့် သေဆုံးရသူများနှင့် ၎င်းတို့၏ ကျန်ရစ်သူမိသားစုများအား စာနာပါကြောင်းဖြင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး အင်္ဂါနေ့က ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်သော အကြမ်းဖက်လုပ်ရပ်အားလုံးကို မိမိတို့က ပြင်းထန်စွာရှုတ်ချကြောင်း ထပ်မံပြောကြားလိုက်သည်။

ဆန့်ကျင်

ထို့အပြင် အကြမ်းဖက်မှု၏ အကြောင်းရင်းကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်ကို အထူးပြောကြားလိုကြောင်း၊ အကြမ်းဖက်မှုကို မျိုးနွယ် ဒေသနှင့် နိုင်ငံသား သို့မဟုတ် လူမျိုးစုကိုအကြောင်းပြုပြီး ယိုးမယ်ဖွဲ့ရန် ကြိုးပမ်းမှုမှန်သမျှကို မိမိတို့ဆက်လက်ဆန့်ကျင်ကြောင်း အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများက ကြေညာသည်။

ကြေညာ

ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာအကြမ်းဖက်မှုကို နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် မိမိတို့တိုက်ဖျက်ရေးအတွက် တိုးမြှင့်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်မည်ဟု အပြည့်အဝဆုံးဖြတ်ထားပြီးဖြစ်ကြောင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ဇူလိုင် ၂၈ ရက်အထိ ၁၇၈၆ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၂၇

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဇူလိုင် ၂၈ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၇၈၆ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

သေဆုံး

ယင်းတို့အနက် ၁၃၈၀ဦးမှာ ရန်လိုသောတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။ အီရတ်၌ သေဆုံးသော အခြားတပ်ဖွဲ့ဝင် အရေအတွက်မှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၉၂ဦး၊ အီတလီ ၂၅ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန်၁၇ဦး၊ ဘူဂေးရီးယား၁၃ဦး၊ စပိန်၁၁ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန်နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း



နိုင်ငံတကာ သတင်းများ



တရုတ်အမျိုးသမီး အာကာသယာဉ်မှူးများ ၂၀၁၀ပြည့်မတိုင်မီ အာကာသသို့သွားရောက်မည်

ပေကျင်း ဇူလိုင် ၂၇

တရုတ်အမျိုးသမီး အာကာသယာဉ်မှူးများသည် အမျိုးသား အာကာသယာဉ်မှူးများနှင့်အတူ အာကာသသို့ မကြာမီ သွားရောက်နိုင်လိမ့်မည် ဖြစ်ကြောင်း ဇူလိုင် ၂၆ ရက်ထုတ် ချိုင်းနားဒေလီးသတင်းစာက တရုတ်အာကာသ အစီအစဉ် တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်ကို ကိုးကားဖော်ပြသည်။

လူလိုက်ပါနိုင်

ယင်းတို့သည် ၂၀၁၀ပြည့်ထက် နောက်မကျဘဲ အာကာသသို့ ပျံသန်းရေး အင်ဂျင်နီယာများအဖြစ် သွားရောက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် အမျိုးသမီးအာကာသယာဉ်မှူး အနည်းဆုံးလေးဦးကို ရွေးချယ်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်လေတပ်က အမျိုးသမီးလေယာဉ်မှူး ၃၀ခန့်ကို ရွေးချယ်ထားပြီးဖြစ်ကြောင်း၊ ၎င်းတို့အထဲမှ အနာဂတ်အာကာသယာဉ်မှူးများ ရွေးချယ်မည်ဖြစ်ကြောင်း လူလိုက်ပါနိုင်သော တရုတ်အာကာသယာဉ်လွှတ်တင်ရေးအစီအစဉ် ဒုတိယအကြီးအကဲ ဟူရှီကျန်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်မြောက်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက် ၂၅ ဦး သေဆုံး ၃၅ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်မြောက်ပိုင်းတွင် အီရတ် တပ်ဖွဲ့ဝင်သစ်များ စုဝေးရာ နေရာတစ်ခုအတွင်း ယနေ့တွင် အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ ၂၅ ဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် မိုဆူးလ်မြို့၏ အနောက်မြောက်ဘက် မိုင် ၅၀ အကွာ ရာဘီယာမြို့ရှိ မြူနီစပယ် အဆောက်အအုံတစ်ခု၏ အပြင်ဘက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းသည် တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်ကြောင်း အီရတ်ရဲတို့ကပြောကြားခဲ့ပြီး ခန္ဓာကိုယ်တွင်ဗုံးကိုပတ်၍ အသေခံဗုံးခွဲတိုက်ခိုက်မှုမျိုးကို လွန်ခဲ့သည့် လအနည်းငယ်ကပင် အများဆုံးအသုံးပြုလာခဲ့ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

(အင်တာနက်)



ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ သွန်ဆင်၊ ဆန်းဒေး၊ အိုလူဖန်ဆို၊ အိုလူမိုကိုအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✳ **ရှေ့ဖုံးမှ**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မိုဆန်ပါ့(ခ်)အိန်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုဆု အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံပထမဆုံးရရှိ

ရန်ကုန် ဇူလိုင် ၂၉

အမေရိကန်နိုင်ငံ အခြေစိုက် Alexander Abraham Foundationမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း Micasa Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီးဌာနအောက် လုပ်ငန်း၊ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အမေရိကန်နိုင်ငံ New York တွင် အခြေစိုက်သည့် Wildlife Conservation Society (WCS) မှ Director Dr. Alan Rabinowitz နှင့် မြန်မာနိုင်ငံ အခြေစိုက် ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။

ရွေးချယ်ချီးမြှင့်

ဆက်လက်၍ အမေရိကန်နိုင်ငံ New York တွင် အခြေစိုက်သည့် Wildlife Conservation Society (WCS) မှ Director Dr. Alan Rabinowitz က ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ အဆိုပါဆုမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်သောသူများအား ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် ရွေးချယ်ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံမှ ပထမဦးဆုံးရရှိခဲ့သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုဆုအား WCSမှ Director Dr. Alan Rabinowitz က ချီးမြှင့်ရာ သစ်တောဦးစီးဌာန ဦးစောဟန် ညွှန်ကြားရေးမှူး(ငြိမ်း)နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်တို့က လက်ခံရယူကြသည်။ ဆုရရှိသူများ ကိုယ်စား သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၇-၂၀၀၅

(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ ဆင်ဖြူရှင်တံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား”** (အပိုင်း-၂၄)
၁၃:၁၀ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၂၀ ၈။ **“တို့ခြံထဲမှာခုတော့ဖြင့် ပျော်စရာ”** ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို (ဒါရိုက်တာ-အောဝမ်း မောင်လှမျိုး)
၁၃:၅၀ ၉။ တတိယအကြိမ်အာရှလူငယ်ဝူရှူးတံခွန်စိုက်အောင်ပွဲပြန် မြန်မာဝူရှူးအားကစားအဖွဲ့
၁၄:၀၀ ၁၀။ အဆိုပြိုင်ပွဲ
၁၄:၁၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၂၅ ၁၂။ အတီးပြိုင်ပွဲ
၁၄:၃၅ ၁၃။ ဟင်းရွက်ရေလှောင်တမံ
၁၄:၄၅ ၁၄။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၇:၁၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၃၀ ၇။ အတီးပြိုင်ပွဲ
၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
၁၇:၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
၁၈:၀၅ ၁၀။ **“အသိစိတ်ကလေး အရင်း တည်၍”** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ”** (အပိုင်း-၄၃)
၁၉:၃၀ ၁၅။ ဆင်းရွှေလီနေကြာ
၁၉:၃၅ ၁၆။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၇။ နို့ချိုတိုက်ကာမိသားစုအစာရင်သွေးကျန်းမာချစ်ကြင်နာ
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်သံသရာ”** (အပိုင်း-၆၂)

❐ *ကျောဖုံးမှ*

ညီနိုင်းအစည်းအဝေးသို့ တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယကများဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ ဥက္ကဋ္ဌများ၊ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ညှိနှိုင်း

ညှိနှိုင်းအစည်းအဝေးတွင် တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက

ဆွေးနွေးမှာကြား

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲနာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၌ ပြည်ထောင်စုကြီး၏ တစည်းတလုံးတည်းသောစွမ်းအားကို အထောက်အကူပြု အမျိုးသားယဉ်ကျေးမှုအနုပညာမှတ်တိုင်များ ခိုင်ခိုင်မာမာထူထောင်နိုင်အောင် ကျင်းပနေခြင်းဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသော အနုပညာရပ်များ အရှည်တည်တံ့ပြီး ပြည်နယ်၊ တိုင်းနယ်မြေဒေသအားလုံး၌ အခြေခိုင်မာပြန့်ပွားရေး၊ အနုပညာရှင် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ရှင်သန်ရေးစသည့် မွန်မြတ်သောရည်မှန်းချက်များအတွက် ၁၉၉၃ခုနှစ်မှစတင်ပြီး ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ(၁၃)ကြိမ်မြောက် ပြိုင်ပွဲကြီးကျင်းပပေးရမည့် အချိန်နီးကပ်လာပြီဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် နှစ်ပေါင်းထောင်ချီရှည်ကြာခဲ့ပြီး သမိုင်းစဉ်ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့မှုနှင့်အတူ အနုပညာအဆီအနှစ်များ စုစည်းရင့်ကျက်နေပြီဖြစ်ကြောင်း၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်မင်းကိုယ့်ချင်းဖြင့် ရပ်တည်ခဲ့သည့် ရှေးမြန်မာမင်းအဆက်ဆက် လက်ထက်များတွင် မြန်မာ့ယဉ်ကျေးမှု အနုပညာသည် ဘာသာသာသနာအရိပ်နှင့် ထီးရိပ်နန်းရိပ်တို့၌ စတင်အခြေပြုထွန်းကားခဲ့ခြင်းဖြစ်ကြောင်း။

တိုင်းရင်းသားတေးသံ

မြန်မာ့သဘင်၊ မြန်မာ့ဂီတတို့ စည်ပင်ဖွံ့ဖြိုးခဲ့သည့် ကုန်းဘောင်ခေတ်မှာဆိုလျှင် နန်းတွင်းဇာတ်တော်ကြီးများ၊ ရုပ်စုံသဘင်များ ခင်းကျင်းကပြနေသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်သကဲ့သို့ ထီးနန်းဝန်းကျင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ သဘာဝဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့တို့ကို ရေးဖွဲ့သည့် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယားစသော တေးဂီတများပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဗုံကြီးသံ၊ စည်တော်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေးစသည့် သာမန်ပြည်သူတို့သီဆိုသည့် တေးသံများ၊ ထို့အပြင် မွန်သံ၊ ကရင်သြသံ၊ ထားဝယ်ဒိန်းသံစသည့် တိုင်းရင်းသားတေးသံများသည်လည်း ပေါ်ထွက်လာနေခဲ့ပြီဖြစ်ကြောင်း။

မြန်မာ့ယဉ်ကျေးမှု အနုပညာသည် မြန်မာ့ဘဝ၊ မြန်မာ့ဓလေ့ စရိုက်ကို ပြောင်မြောက် ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သည့် အဆင့်အတန်း မြင့်မားသည့် အခြေအနေကို ရှေးဦးကျကျကတည်းကပင် ရောက်ရှိနေခဲ့ခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှုလည်းမြင့်မား၊ လူဦးရေကလည်းများသည့် အိမ်နီးချင်းနိုင်ငံကြီးများနှင့် မိမိတို့မြန်မာနိုင်ငံသည် ရှေးခေတ်ကတည်းကပင် ရင်းနှီးစွာကူးလူးဆက်ဆံခဲ့သလို တစ်ဖက်မှာလည်း ယင်းနိုင်ငံကြီးများ၏ လောင်းရိပ်နှင့်ကင်းသည့် ကိုယ့်မင်းကိုယ့်ချင်း ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေတို့ကို ထူထောင်ပြီး ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများဖြင့် ရပ်တည်နေထိုင်သော အစဉ်အလာရှိသည့် နိုင်ငံဖြစ်ကြောင်း။

ကြီးမားကျယ်ပြန့်

ဤကဲ့သို့ မြန်မာ့ယဉ်ကျေးမှု အနုပညာသည် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများနှင့် ထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရပ်တည်ထွန်းပြောင်နိုင်ခဲ့သည်မှာ မိမိတို့ ဘိုးဘွားဘီဘင်များ၏ စိတ်ဓာတ်ကောင်း၊ သတ္တိကောင်း၊ သတိကောင်း၊ ဝီရိယကောင်း၊ စွမ်းအားကောင်းတို့ကြောင့် ဖြစ်ကြောင်း၊ ဤအစဉ်အလာရှိသည့် အမျိုးသားရေးလက္ခဏာကောင်းများကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်း အမွေကောင်းပေးနိုင်ရန် သမိုင်းရေးအရရော၊ အမျိုးစောင့်တရားများအရပါ မလွဲမသွေ ထမ်းဆောင်ရမည့် တာဝန်သည် မိမိတို့အားလုံး၏ ပခုံးပေါ်ရောက်နေခြင်းဖြစ်ကြောင်း၊အထူးသဖြင့် ယနေ့ခေတ်ကဲ့သို့ Globalization အခြေအနေတွင် ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏ အမျိုးသားရိုးရာယဉ်ကျေးမှုများ ယိုယွင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့

တေရသမအကြိမ် (၁၃)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ မြန်မာနိုင်ငံဂီတအစည်းအရုံးကလှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံဦးအုန်းကျော်က ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲရည်ရွယ်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့်ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာလာစေရန်။

စာမျက်နှာ ၄ မှ

ပျက်စီးပျောက်ကွယ်မသွားရအောင် ကြိုးစားထိန်းသိမ်းနေကြခြင်းဖြစ်သည့်အတွက် မိမိတို့ထမ်းဆောင်ရမည့်တာဝန်သည် မြင့်မြတ်မှုရှိသကဲ့သို့ ကြီးမားကျယ်ပြန့်သည်မှာလည်း အမှန်ဖြစ်ကြောင်း။

ခေတ်သစ်၏ ပြောင်းလဲလာသည့် သဘောအရ မြန်မာ့ရိုးရာ သဘင်ဂီတနယ်ပယ်ထဲကို တိုင်းတစ်ပါး ယဉ်ကျေးမှုများ အတားအဆီးမဲ့ ထိုးဖောက်စိမ့်ဝင်လာနေသည့် အန္တရာယ်ကို ကြိုတင်သတိပေး ကာကွယ်တားဆီးမှုများ လုပ်နေသည့်ကြားမှာပင် အနောက်တိုင်း အဆို၊အက၊ အတီးများသည် ဗွီစီဒီ၊ စီဒီ၊ တီဗွီ၊ အင်တာနက်နှင့် ဂြိုဟ်တုစလောင်းစသည့် အိုင်တီပစ္စည်းကိရိယာများမှတစ်ဆင့် မြန်မြန်ဆန်ဆန် စိမ့်ဝင်ပျံ့နှံ့လာလျက်ရှိကြောင်း။

အမှန်မှာမူ ယဉ်ကျေးမှုနယ်ပယ်၌ ရိုးရာအစဉ်အလာထိန်းသိမ်းမှုလုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းတို့ကို ဟန်ချက်ညီညီ လုပ်ကိုင်နိုင်စွမ်းရှိကြရမှာဖြစ်ကြောင်း၊ ဤကဲ့သို့လုပ်ကိုင်နိုင်စွမ်းရှိရေးကိစ္စသည် အနုပညာရှင်များပါဝင်သည့် ပြည်သူတစ်ရပ်လုံးသည် မျိုးရိုးဇာတိမာန်ထက်သန်ပြီး မျိုးချစ်စိတ်ဓာတ်အားကောင်းနေရန်နှင့် စည်းလုံးညီညွတ်မှု အင်အားတောင့်တင်းခိုင်မာနေရန် အရေးကြီးကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားရေးကိုယ်ခံစွမ်းအားကောင်းနေရန် လိုအပ်ကြောင်း။

ဆောင်ရွက်ပေး

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် အမျိုးသားရေး ယိမ်းယိုင်ပျက်စီးသွားစေနိုင်သည့် လမ်းအိုလမ်းဆွေးမှ ဖယ်ခွာပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် မြန်မာ့ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပပေးခြင်း၊ တိုင်းရင်းသားရိုးရာအကများ၊ တေးဂီတများကို ထိန်းသိမ်းအားပေးခြင်း၊ ရန်ကုန်နှင့်မန္တလေးမြို့တို့၌ ယဉ်ကျေးမှုတက္ကသိုလ်များ အဆင့်မြင့်တည်ထောင်ဖွင့်လှစ်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ ရည်မှန်းချက်ကြီးမားစွာဖြင့် နိုင်ငံတော်အစိုးရ၏ ရှေ့ဆောင်၊ ရှေ့ရွက်လမ်းကြောင်းမှန် ဖော်ပေးမှုအပေါ်တွင် သက်ကြီးဝါရင့် အနုပညာရှင်ကြီးများ၊ သဘင်၊ ဂီတ၊ ရုပ်စုံ၊ ရုပ်သေး၊ အကစသည့်နယ်ပယ်စုံမှ အနုပညာရှင်များ၊ မိဘပြည်သူများ၊ ပြည်နယ်၊တိုင်းအသီးသီးမှ တာဝန်ရှိသူများ၊ ဦးစီးကော်မတီနှင့် အဆင့်ဆင့်သော ကော်မတီဝင်များက ညီညွတ်စွာ ပေါင်းစုညှိနှိုင်းပြီး အားထုတ်လုပ်ကိုင်ခဲ့ကြသည့်အတွက် (၁၂ကြိမ်)မြောက်အထိ ဆို၊က၊ရေး၊တီးပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးဖြစ်ကြောင်း၊ ယခု (၁၃ကြိမ်)မြောက် ပြိုင်ပွဲကြီးကိုလည်း အလားတူ အနှစ်သာရရှိရှိ၊ စည်စည်ကားကား ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ကြိုတင်လေ့ကျင့်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်ရာတွင် ပြည်နယ်၊တိုင်းအားလုံး ဘက်စုံကဏ္ဍစုံမှ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမှသာ ဆူကြုံနိမ့်မြင့် ကွာဟချက်များသည် လျော့နည်းပပျောက်သွားမှာ ဖြစ်ကြောင်း၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်များ ကျဉ်းမြောင်းသွားစေရမှာ ဖြစ်သကဲ့သို့ ယဉ်ကျေးမှု အနုပညာနယ်ပယ်တွင်လည်း အနုပညာရေသောက်မြစ်ခိုင်မာပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများ တစ်ပြိုင်တည်းတက်လာအောင် ပျိုးထောင်ဆောင်ရွက်ကြရန် တာဝန်ရှိကြောင်း၊ နှစ်စဉ်နှစ်တိုင်း ပြည်နယ်၊တိုင်း တစ်ခုတည်းကပင် ဆို၊က၊ရေး၊တီးပြိုင်ပွဲများ၌ ဆုတံဆိပ်များကို စုပုံရရှိနေသည့် အခြေအနေဟောင်းကို ကျော်လွှားနိုင်ရန်အတွက် ပြည်နယ်၊တိုင်းအားလုံး အနုပညာအရ လက်ရည်ညီ၊ ခြေရည်ညီ ယှဉ်ပြိုင်လာနိုင်အောင် ကြိုတင်လေ့ကျင့် ပညာပေးမှုများကို ပြုလုပ်ပေးနေပြီလည်း ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကြီးကို ထိထိမိမိကျင်းပရန်အတွက် တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်း၊ အချုပ်အားဖြင့် နိုင်ငံနှင့်လူမျိုး၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် မိမိတို့တွင် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြံ့ခိုင်မှု၊ စွမ်းရည်ရှိမှုတို့ကို အခြေခံသော စည်းလုံးညီညွတ်မှုရှိရန်ပင် ဖြစ်ကြောင်း၊ သို့မှလည်း ကျစ်လျစ်ခိုင်မာသည့် တစည်းတလုံးတည်းသောစွမ်းအားကို ရရှိမှာဖြစ်ကြောင်း။

ညှိနှိုင်းပြင်ဆင်

ဆို၊က၊ရေး၊တီး ပြိုင်ပွဲကြီးသည် ပြည်ထောင်စုကြီး၏ အနာဂတ်အရေးအတွက် တစည်းတလုံးတည်းသောစွမ်းအားကို ပြုစုပျိုးထောင်ပေးရာတွင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်စွမ်းရှိသည်မှာ အမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာမှတ်တိုင်များကို တစ်နှစ်ပြီးတစ်နှစ် ခိုင်ခိုင်မာမာ ထူထောင်နိုင်အောင် ဆို၊က၊ရေး၊တီးပြိုင်ပွဲ များကို ကျင်းပနေခြင်းဖြစ်သည်ဆိုသည့် လေးနက်သော ယုံကြည်ချက်နှင့် (၁၃ကြိမ်)မြောက် ပြိုင်ပွဲကြီးအတွက် လိုအပ်သည်များတင်ပြညှိနှိုင်းပြင်ဆင်ကြရန် တိုက်တွန်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပခဲ့မှုများ၊ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို ရည်ရွယ်ချက် ခုနစ်ရပ်ဖြင့် ကျင်းပသွားရန် စီစဉ်ထားမှုများ၊ အနုသုခုမပညာအားနည်းသည့် ပြည်နယ်၊ တိုင်းများသို့ ပညာရှင်ကြီးများ၊ အနုပညာဦးစီးဌာနမှ နည်းပြများသွားရောက်၍ အဆို၊ အက၊ အရေး၊ အတီးပညာများ သင်ကြားပေးခဲ့မှုများ၊ ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းခွင့်ပြုရန် ကိစ္စများကို လည်းကောင်း၊ ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အတည်ပြုချက်ရယူ

ဆက်လက်၍ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းက ပြိုင်ပွဲ၏ ရည်ရွယ်ချက်ခုနစ်ရပ်၊ ပြိုင်ပွဲ ကျင်းပမည့်ကာလများ၊ ပြိုင်ပွဲကျင်းပမည့်နေရာများ၊ ပြိုင်ပွဲအဆင့်များ၊ ယှဉ်ပြိုင်ခွင့်ပြုမည့် ဘာသာရပ်များကိုလည်းကောင်း၊ ရုပ်သေးပြိုင်ပွဲ(ပညာရှင်အဆင့်)အတွက် မင်းကုသဇာတ်တော်၊ ဇာတ်တော်ကြီးပြိုင်ပွဲအတွက် ဝိဓူရဇာတ်တော် သတ်မှတ်ထားမှုများနှင့် အဆိုပါဇာတ်တော်များ ယှဉ်ပြိုင်စေသည့် ဦးတည်ချက်များ၊ ပါဝင်ရမည့် အခန်းစဉ်များကိုလည်းကောင်း၊ ပြိုင်ပွဲအလိုက်ချီးမြှင့်သွားမည့် ဆုငွေများ၊ အဆိုပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသည့် သီချင်းများကိုလည်းကောင်း တင်ပြ၍အတည်ပြုချက်ရယူသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ အနုပညာရှင်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ခင်အုန်း(အငြိမ်းစား) (သုတေသီရာမညကိုကိုနိုင်)နှင့် အနုပညာရှင်ကြီးများက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ မြန်မာနိုင်ငံဂီတအစည်းအရုံးက လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံဦးအုန်းကျော်က ပေးအပ်လှူဒါန်းသည်။

ထို့နောက် အနုသုခုမပညာအားနည်းသော ပြည်နယ်၊ တိုင်းများသို့ ဖြန့်ဝေနိုင်ရန် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဂီတဌာနမှ ကထိကဦးသန်းမြင့်ဦးဆောင်သောအလှူရှင်စုစုပေါင်း ၁၃ဦးက တယော ၁၃လက်နှင့်အလှူငွေကျပ် ၂၇၅၀၀ကို အလှူရှင်များကိုယ်စား ကထိကဦးသန်းမြင့်၊ တယောဦးတင်ရီနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ပထမနှစ်ကျောင်းသား မောင်အောင်ခြိမ့်တို့က ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံ ပေးအပ်လှူဒါန်းပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လှူဒါန်းထားသည့် တယောများကို ကြည့်ရှုပြီး တယောပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုနှစ်ကျင်းပမည့် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို–

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာလာစေရန်

ဟူသည့် ရည်ရွယ်ချက်ခုနစ်ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်အလှူရှင်များက ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းသည့် နှလုံးရောဂါရှာဖွေစမ်းသပ်စစ်ဆေးသည့် စက်ကြီးကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးတင်ဝင်းမောင်ထံ ပေးအပ်စဉ်။

(သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးတင်ဝင်းမောင်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားသည်။

လက်ခံရယူ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေးဦးစီးဌာနသို့ နှလုံးရောဂါရှာဖွေစမ်းသပ်စစ်ဆေးသည့် စက်ကြီး (CVS Cath Lab)အား အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းကလှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးတင်ဝင်းမောင်က လက်ခံယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ရွှေမင်းသား အထွေထွေအကျိုးဆောင်လုပ်ငန်းမှ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အရိုးရောဂါအထူးကုဆေးရုံကြီးသို့ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အရိုးရောဂါအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာညွန့်လှိုင်က လက်ခံယူသည်။

ဆက်လက်၍ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က တောင်ဥက္ကလာပမြို့နယ် အမျိုးသမီး နှင့် ကလေးဆေးရုံသို့ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ အမျိုးသမီးနှင့် ကလေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မူမူညိုက လက်ခံယူသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးတင်ဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀–၇–၂၀၀၅
(စနေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“မြန်မာပြည်သား အရှင်ပုဏ္ဏ”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Nature and Meaning of Law (ပထမနှစ်–ဥပဒေပညာ)
၅း၃၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကြော်ငြာချစ်သူ”**(အပိုင်း–၂)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **“စည်းမျဉ်း (၁၀)ချက် မဟာဂန္ဓာရုံအသက်”**
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နှင်းနဂါးသိုင်း”** (အပိုင်း–၁၄)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက္ကသိုလ်၊ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အမှန်တရားဘက်က ပြတ်ပြတ်သားသားရပ်တည်လာခဲ့သည့်အတွက် အမျိုးသားရေး ဂုဏ်သိက္ခာမြင့်မားသော နိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်တစိုက်ရပ်တည်လာနိုင်ခဲ့ကြောင်း။

ထို့ကြောင့်လည်း မြန်မာနိုင်ငံတော်အပေါ် သြဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့၏ ကူညီထောက်ပံ့မှုများအစား ရန်လိုမှု၊ ဖိအားပေးစွက်ဖက်မှု၊ ပြည်တွင်းစည်းလုံးညီညွတ်ရေးအင်အား ချည့်နဲ့ပြိုကွဲအောင် သွေးထိုးသပ်လျှိုမှုတို့ကို သမိုင်းအစဉ်အဆက် ခံစားလာခဲ့ရကြောင်း။

အရိပ်မိုးထား

ထို့အပြင် စည်းလုံးညီညွတ်မှုပြိုကွဲအောင် သွေးထိုးမြှောက်ပင့်မှု၊ ဖြားယောင်းသွေးဆောင်မှု၊ အဖျက်အမှောင့်လုပ်ငန်းများကို ထောက်ပံ့အားပေးမှုတို့ကို နိုင်ငံကြီးအချို့က စဉ်ဆက်မပြတ် လုံ့ဆော်လုပ်ဆောင်နေသည့်အတွက် အာဏာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပင်မမဏ္ဍိုင်များပင်ဖြစ်ကြောင်း၊ အမျိုးသားရေးဂုဏ်သိက္ခာ တည့်မတ်ခိုင်မာရေးအတွက် အဓိကကျသည့် အရာများပင်ဖြစ်သည်ဆိုသည်မှာ ထင်ရှားနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့် သြဝါဒစကားမြွက်ကြားရာတွင်–

မျိုးဖျက် အဖျက်အမှောင့်သမားများ ပြည်ထောင်စုကြီးထဲကခွဲထွက်ရန် ကြံစည်လုပ်ဆောင်မှုများ နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာကိုလျစ်လျူရှုပြီး အဖျက်လုပ်ရပ်တိုးမြှင့်လုပ်ဆောင်လာမှု ပြည်သူများခံစားနေရ

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ၏ အထူးမွမ်းမံသင်တန်းတစ်ရပ် အောင်မြင်ပြီးဆုံးသွားပြီဖြစ်သည့်အတွက် သင်တန်းတက်ရောက်ခဲ့သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအတွက်သာမက ပညာရေးကဏ္ဍနှင့်တကွ နိုင်ငံတော်အတွက်ပါ ထူးခြားမြင့်မားသည့် အကျိုးတရားများ တိုးပွားပွားများလာခဲ့ပြီဟု နိုင်ငံတော်အစိုးရအနေဖြင့် ခံယူထားပါကြောင်းကို ပထမဦးစွာပြောကြားလိုကြောင်း။

သင်တန်းကာလတစ်လျှောက် ဆည်းပူးပွားများရရှိလာခဲ့သည့် အသိအမြင် ဗဟုသုတ အတွေ့အကြုံများနှင့် တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများ၏ ပင်ကိုအရည်အသွေးများဖြစ်သည့် မြင့်မားသော အသိဉာဏ်ပညာစွမ်းအား၊ တရားကိုယ်သဘောကို ထိုးထွင်းလေ့လာဆန်းစစ် မြော်မြင်သုံးသပ်တတ်သည့် အလေ့အကျင့်တို့ ပေါင်းစည်းမိလာသည်နှင့်အမျှ အမိနိုင်ငံတော်ကြီး၏ ပကတိအခြေအနေမှန်များနှင့် မျက်မှောက်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအမျိုးမျိုးတို့ကို အမှန်အတိုင်း သုံးသပ်သိမြင်လာမည် မလွဲဘူးဟု ယုံကြည်ထားကြောင်း။

နားလည်သိမြင်

ယင်းသို့ သုံးသပ်သိမြင်လာခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များနှင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဖြတ်သန်းကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းသင်ခန်းစာများကို ပေါင်းစပ်အခြေပြုပြီး အမျိုးသားရေးအကျိုးစီးပွားအတွက် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးသော အမျိုးသားရေးလမ်းကြောင်းအဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရွေးချယ်လျှောက်လှမ်းနေသည့် နိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အမှန်အတိုင်းနားလည်သိမြင်လာမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ဤသို့ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးကြိုးပမ်းမှုများနှင့် အနာဂတ်မျှော်မှန်းချက်များကို စာနာနားလည် သိမြင်လာသည်နှင့်အမျှ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအနေဖြင့် အမျိုးသားရေးအသိအမြင်သစ်၊ အတွေးအခေါ်သစ်၊ စွမ်းအားသစ်၊ ခွန်အားသစ်တို့ဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ပိုမိုပြီး ထက်ထက်သန်သန် တက်တက်ကြွကြွ ထမ်းဆောင်လာကြလိမ့်မည်ဟု နိုင်ငံတော်အစိုးရက ယုံကြည်မျှော်လင့်ထားပါကြောင်းကို တစ်ဆက်တည်းပြောကြားလိုကြောင်း။

အားလုံးသိကြသည့်အတိုင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်ဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ ရှည်လျားခိုင်မာသည့် သမိုင်းကြောင်းတစ်လျှောက်တွင် မည်သည့်တိုင်းတစ်ပါး၏ သြဇာလွှမ်းမိုးမှုကိုမျှ မခံယူလိုဘဲ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားလူမျိုးအားလုံးအတူတကွ လက်တွဲထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ကြသည့် စည်းလုံးညီညွတ်သော အမျိုးသားနိုင်ငံတော်ကြီးလည်းဖြစ်ကြောင်း။**

ရပ်တည်လာနိုင်

ခေတ်သစ်သမိုင်းတွင်လည်း မည်သည့်အင်အားကြီးအုပ်စု၏ သြဇာအာဏာ လောင်းရိပ်ကိုမျှ မခိုဝင်ခဲ့ဘဲ နိုင်ငံတကာအရေးအရာတိုင်းတွင်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဖွဲ့လုံ့လဆုကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်မှ နည်းပြဒေါ်ဇင်ဇင်ဝင်းအား ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားရေးအကျိုးစီးပွားကို ကိုယ်ကျိုးအတ္တနှင့် လဲလှယ်လိုသော နယ်ချဲ့အလိုတော်ရိမျိုးဖျက်များ အခါအားလျော်စွာ ပေါ်ပေါက်လာတတ်သကဲ့သို့ ယင်းမျိုးဖျက်များ၏ နိုင်ငံရေးအာဏာလုမှုများ၊ နိုင်ငံရေးအပေးအယူလုပ်မှုများ၊ နိုင်ငံရေးကစားမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ချည့်နဲ့လျော့ပါးမှုများ၊ လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်ခဲ့ရပြီး ပြည်ထောင်စုကြီးပြိုကွဲရမည့်အန္တရာယ်များ၊ နိုင်ငံဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့် အခြေအနေများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ မှန်ကန်သောသမိုင်းကြောင်း ဖြစ်ပေါ်တိုးတက်မှုကို အစဉ်အမြဲအရိပ်မိုးထားသကဲ့သို့ နှောင့်ယှက်ဟန့်တားလျက်ရှိနေကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများ မျက်မှောက်ခေတ် ပကတိအခြေအနေမှန်များအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့သည် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာ

"ဒီလိုအကောင်အထည်ဖော်နေတဲ့ နိုင်ငံတော်တည်ဆောက်ရေးရဲ့ တူရူချက်ဟာ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးဖြစ်တယ်"

"အဲဒီ တည်ဆောက်ရေးဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ မျိုးဆက်ပေါင်းများစွာတို့ရဲ့ သမိုင်းဖြစ်တယ်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးခံယူချက်ရှိသူတွေကသာ နိုင်ငံသမိုင်းကိုတိုးတက်အောင် ဖန်တီးနိုင်မှာဖြစ်တယ်။ ပြည်ထောင်စုကို ကာကွယ်နိုင်မှာဖြစ်တယ်။ ဒို့တာဝန်အရေးသုံးပါးဟာ ပြည်ထောင်စုစိတ်ဓာတ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်လို့ နားလည်ကြရမှာဖြစ်တယ်"

ဟု ထည့်သွင်းလမ်းညွှန်မြွက်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးဆိုသည့် အမျိုးသားရေးမဏ္ဍိုင်ကြီးများအားကောင်း မြဲမြံခိုင်ခံ့စေရအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရင်း အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေမည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပုံဖော်တည်ဆောက်ပေးလျက်ရှိကြောင်း။

ယုံကြည်ထား

မြန်မာနိုင်ငံတော်၏ အမျိုးသားပညာရေးမူဝါဒသည် ယင်းအမျိုးသားရေးမဏ္ဍိုင်ကြီးများ တည်တံ့ခိုင်ခံ့စေရအောင် အားပေးထောက်ကူပေးနိုင်မည့် ခေတ်မီနည်းပညာများ၊ တတ်သိလိမ္မာသော အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးပင် ဖြစ်သည်ဆိုသည်ကို ဆရာ ဆရာမများ သုံးသပ်သိမြင်ပြီး ဖြစ်ကြလိမ့်မည်ဟုလည်း ယုံကြည်ထားပြီး ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေး ကြိုးပမ်းမှုများ အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံတော်၏ အမျိုးသားရေးမဏ္ဍိုင်များ ချည့်နဲ့ယိုင်လဲအောင် ဆန့်ကျင်လှုပ်ရှားမှုများကို အဖျက်အမှောင့်သမားများသည် ပြည်တွင်းပြည်ပ၌ အချိန်ကိုက်ပြီး ပိုမိုပြီးကျားကုတ်ကျားခဲ ပိုမိုတိုးမြှင့်လုပ်ဆောင်လာကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံကြီးအချို့နှင့် မျိုးဖျက်အဖျက်အမှောင့်သမားများသည် ဆရာမွေး၊ တပည့်မွေး လုပ်ဆောင်ကြရင်း တည်ဆဲအစိုးရပြုတ်ကျရေး နိုင်ငံရေး ကစားမှုများကို တိုးမြှင့်လုပ်ဆောင်လာကြရာတွင် နိုင်ငံတော်အပေါ် စီးပွားရေးပိတ်ဆို့မှုများ၊ နိုင်ငံရေးဖိအားပေးမှုများ၊ နိုင်ငံ မတည်မငြိမ်ဖြစ်အောင် ဆူပူလှုံ့ဆော်မှုများ၊ ပြည်ထောင်စုကြီးထဲက ခွဲထွက်ရန် ကြံစည်လုပ်ဆောင်မှုများ၊ နောက်ဆုံး အကြမ်းဖက်ဗုံးဖောက်ခွဲမှုများအထိ ပြည်သူများ၏ မျက်နှာကို မထောက်ထား၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကိုပါ လျစ်လျူရှုပြီး အရှိန်တိုးမြှင့်လုပ်ဆောင်လာကြသည်ကို ပြည်သူများကိုယ်တိုင် တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း။

ယနေ့ ကိုလိုနီ နယ်ချဲ့လက်သစ်နိုင်ငံကြီးအချို့နှင့် ပြည်တွင်း ပြည်ပကင်းတို့၏ အလိုတော်ရိမျိုးဖျက်များ၏ အကြံအစည်သည် ရရှိဖြစ်ထွန်းနေသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရိုက်ချိုးဖျက်ဆီးပြီး နိုင်ငံတော်ကြီးကို ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက် ဆူပူရမ်းကားမှု အခြေအနေကို ပြန်ရောက်အောင်

စာမျက်နှာ ၁၃ ကော်လံ ၁

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ စည်းလုံးညီညွတ်စွာ နိုင်ငံတော်ကို တည်ဆောက်နေချိန် ပြည်ပအားကိုး ပုဆိန်ရိုးများနှင့် ပြည်ပနယ်ချဲ့လက်သစ်များက ဝင်ရောက်နှောင့်ယှက်လျက်ရှိ ပြည်ထောင်စုကြီးပြိုကွဲရန်ဆောင်ရွက်မှု မှန်သမျှနှင့် ပြည်တွင်းရေးစွက်ဖက်မှုများ ပြစ်တင်ရှုတ်ချ အဖျက်ဟူသမျှ ပြည်သူ့စွမ်းအား၊ စည်းလုံးညီညွတ်မှုအင်အားဖြင့် တစ်ခဲနက် ချေမှုန်းရန် အချိန်တန်ပြီ



ရန်ကုန် ဇူလိုင် ၂၉

“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးကို ဇူလိုင် ၂၇ရက် နံနက် ၈နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

လူထုအစည်းအဝေးသို့ မွန်ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ဂီတအစည်းအရုံး၊ သဘင်ပညာရှင်များ အစည်းအရုံး၊ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ ကုန်သည်ကြီးများအသင်း၊ ကုန်တင်ယာဉ်များအသင်း၊ ဆန်ကုန်သည်ကြီးများအသင်း၊ စက်လှေများအသင်း၊ စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဆရာဝန်အသင်းတို့မှ အသင်းဝင်များ၊ ဗီဒီယိုအခြေခံအဖွဲ့မှ အဖွဲ့ဝင်များ၊ စက်ရုံ၊ အလုပ်ရုံအသီးသီးတို့မှ ဝန်ထမ်းများ၊ သူနာပြုများ၊ ပြည်တွင်း ကုန်တင်ကုန်ချလုပ်သားများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ဒေသခံ တိုင်းရင်းသားပြည်သူများ တစ်ခဲနက် တက်ရောက်ကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာခင်မောင်သွင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးတင်လှိုင်၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမေသက်ဆွေ၊ မုဒုံမြို့နယ်အရန်မီးသတ်တပ်ခွဲမှူး ဦးတင်ဦး၊ မွန်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးထွန်းထွန်းစိုးနှင့် မော်လမြိုင်မြို့နယ်မှ ရပ်မိရပ်ဖ နိုင်တင်လှတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မိသက်မွန်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဝင်းဝင်းမွန်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ၊ သဘာပတိ အဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက နိုင်ငံတော်အလံအား အလေးပြုကြသည်။

တွေ့မြင်ရ

ထို့နောက် သဘာပတိ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါက်တာခင်မောင်သွင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် မြန်မာနိုင်ငံတော်၌ ဖြစ်ပေါ်နေသော ပကတိအခြေအနေများကို အနည်းငယ်ရှင်းလင်းတင်ပြသွားလိုပါကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရသည် သမိုင်းပေးတာဝန်အရ ၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးမှု ဘေးအန္တရာယ်မှကာကွယ်၍ နိုင်ငံတော် တည်ငြိမ်အောင် ဘက်ပေါင်းစုံမှ နေ့မအားညမနားကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်သူလူထု၏ဘဝ အေးချမ်းသာယာရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို နိုင်ငံတော်အကြီးအကဲ၏ မှန်ကန်သော ခေါင်းဆောင်မှုနှင့် လမ်းညွှန်မှုအောက်၌ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တစည်းတလုံးတည်း ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုးအားကြိုးမာန်တက် ထူထောင်ခဲ့ခြင်းကြောင့် အချိန်တိုကာလအတွင်း၌ လမ်း၊တံတား၊ ဆည်မြောင်း၊ တာတမံနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် ယခုကဲ့သို့တိုးတက်လာသည်ကို တွေ့မြင်နေကြရပြီးဖြစ်ကြောင်း။

ယင်းကဲ့သို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် အင်တိုက်အားတိုက်ဖြင့် ခွဲ၊ လုံ့လ၊ ဝီရိယထားကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးရည်မှန်းချက်ပန်းတိုင်ကို မရောက် ရောက်အောင် အရှိန်အဟုန်ဖြင့် ချီတက်လျက်ရှိစဉ်မှာပင် မြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာတိုင်းရင်းသားများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်ကို မနာလိုမရှုဆိတ်သော ပြည်တွင်းပြည်ပသစ္စာဖောက် အဖျက်သမားများသည် အနောက်နိုင်ငံကြီးအချို့၏ အားကိုးဖြင့် နည်းမျိုးစုံသုံးပြီး ဖျက်လိုဖျက်ဆီးပြုနေကြသည်ကို လုပ်နေကြသည်ကို စဉ်ဆက်မပြတ် တွေ့နေရပါကြောင်း၊ **မည်သူက မည်သို့ပင် ခြောက်ခြောက် မည်သို့ပင် နှောင့်ယှက် နှောင့်ယှက် မိမိတို့သည် ပြည်သူများ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ပြည်သူတစ်ရပ်လုံး စည်းလုံးမှု စွမ်းအားဖြင့် မရမနေ တည်ဆောက် သွားကြရမည်ဖြစ်ကြောင်း။**

လက်ခံကျင့်သုံး

မိမိတို့၏ ယုံကြည်ချက်၊ ခံယူချက်ဖြစ်သော သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေအဖြစ် အမြတ်တနိုးတန်ဖိုးထားရမည့် ဒို့တာဝန် အရေးသုံးပါးဆိုသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ပြည်သူလူထု အကျိုးစီးပွားအတွက် အစဉ်အမြဲဦးထိပ်ထားပြီး လက်ခံကျင့်သုံးသွားကြရမည်ဖြစ်ပါကြောင်း။



ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မိသက်မွန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဝင်းဝင်းမွန်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေးတွင် သဘာပတိ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာခင်မောင်သွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော်

တပ်မတော်အစိုးရသည် နိုင်ငံတော်အေးချမ်း တည်ငြိမ်အောင် ဆောင်ရွက်ရင်း အနှောင့်အယှက် အဟန့်အတားများကြားက ပြည်သူ၊ အစိုးရနှင့် တပ်မတော်တို့ လက်တွဲညီညီပူးပေါင်း၍ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့်အညီနှစ်တိုစီမံကိန်းများ ချမှတ်ကာ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၉၂ခုနှစ်မှ စသည့် ကာလတိုလေးနှစ်စီမံကိန်းတွင် နိုင်ငံတော်၏ (ဂျီဒီပီ)သည် တစ်နှစ်ပျမ်းမျှ ၇ဒသမ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၁၉၉၆ခုနှစ် ဒုတိယကာလတို ငါးနှစ်စီမံကိန်းတွင် တစ်နှစ်ပျမ်းမျှ ၈ဒသမ ၅ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါကြောင်း၊ ယခုဆိုလျှင် တတိယငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၄–၂၀၀၅ခုနှစ်တွင် (ဂျီဒီပီ) ၁၃ ဒသမ ၆ ရာခိုင်နှုန်း ထိ တိုးတက်လာခဲ့ပြီး လူတစ်ဦးချင်းဝင်ငွေမှာ ၁၆၇၂၀၂ကျပ် ရှိလာပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်လည်း သယံဇာတများကို ဖော်ထုတ်လျက်ရှိကြောင်း၊ လယ်ယာ၊ သစ်တော၊ သားငါးနှင့် စွမ်းအင်၊ သတ္တု စသည့် စီးပွားရေးကဏ္ဍတို့၌လည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြည်တွင်းဝင်ငွေနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံကြီး၊ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးနှင့် မုန်းချောင်းရေအားလျှပ်စစ်စက်ရုံတို့မှ လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့အပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ထုတ်ပေးနိုင်မည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းကြီးကို နေ့မအားညမနား ဆောင်ရွက်လျက်ရှိပြီး ရွှေလီ၊ သောက်ရေခပ်၊ ရွှေကျင်စသော ရေအားလျှပ်စစ်စက်ရုံများအပြင် ထုထည်ပမာဏကြီးမားပြီး မဂ္ဂါဝပ် ၁၂၀၀ထုတ်လုပ်ပေးမည့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်နိုင်ခဲ့လို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးမှုအသီးအပွင့်များ ခံစားပြီး စီးပွားရေးတွေ တိုးတက်ကောင်းမွန်လာနေပြီ ဖြစ်ကြောင်း။

ယင်းကဲ့သို့ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့်အချိန်တွင် အနောက်နိုင်ငံကြီးအချို့နှင့် ILOက စီးပွားရေးဟန့်တား ပိတ်ဆို့နေသည်များ တွေ့မြင်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ ပညာရေး၊ ကျန်းမာရေး မြင့်မားအောင် ပြည်နယ်နှင့်တိုင်းအသီးသီး၌ တက္ကသိုလ်၊ ကောလိပ်များနှင့် နည်းပညာတက္ကသိုလ်၊ ကောလိပ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာအဆင့်အထိ ကြားကွက်လပ် မကျန်ရလေအောင် တည်ဆောက်ပေးခဲ့ပြီး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ပညာရှင်များမွေးထုတ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံသည် ဘိုးဘွားအမွေအနှစ်အစစ်ဖြစ် ယင်းအမွေအနှစ်များ မပျောက်ပျက် မဆုံးရှုံးအောင် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်

မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စားလှယ် ဦးသောင်းရွှေ ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော် အေး ချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဒေါက်တာတိုး တိုး အောင် ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့အပြင် သက်ရှည်ကျန်းမာသက္ကရာဇ်၂၀၀၀မှာ ဆောင်ပုဒ်အတိုင်း ပြည်သူလူထု ကျန်းမာရန်အတွက် ပြည်နယ်မှအစ ကျေးရွာအဆင့်ပါမကျန် ဆေးရုံကြီး၊ ဆေးရုံငယ် ဆေးပေးခန်းကအစ တည်ဆောက်ပေးခဲ့ပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းလုပ်ကိုင်ပေးနေခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်အတူ ပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်လာနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ပြည်သူလူထုက လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် အခြေခံကောင်းများ ရရှိထားပြီးဖြစ်သည့်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိတိကျကျ ပြတ်ပြတ်သားသား ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးမျှော်မှန်းသော ရည်မှန်းချက်ပန်းတိုင်သည် လက်တစ်ကမ်းတွင်ရှိနေသည်ကို ပြည်သူ့စွမ်းအားဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် အင်တိုက်အားတိုက် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် မုချမလွဲဧကန်ရောက်ရှိမည်ဖြစ်ကြောင်း။

နှောင့်နှေးစေခဲ့

ယင်းကဲ့သို့ ခက်ခက်ခဲခဲ ကိုယ့်အားကိုယ်ကိုးပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ မျှဝေခံစားသည့်စိတ်ဓာတ် စသောပြည်ထောင်စုစိတ်ဓာတ်များဖြင့် မဖြစ်မနေ အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ခဲ့၍ တိုးတက်အောင်မြင်မှုများ ရနေသည်ကို ပြည်တွင်းပြည်ပ သစ္စာဖောက်အဖျက်သမားများက အနောက်နိုင်ငံကြီးများ၏ ပြောင်ပြောင်တင်းတင်း ကူညီထောက်ပံ့မှု၊ မီဒီယာများနှင့် စွပ်စွဲပုတ်ခတ် လုပ်ကြံဖန်တီးနေခြင်းအပြင် စီးပွားရေးပိတ်ဆို့မှုများ၊ ဟန့်တားမှုများကြောင့် ယနေ့မြန်မာနိုင်ငံတော်ကြီးနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံး၏ အေးချမ်းတည်ငြိမ်မှု၊ စီးပွားဖွံ့ဖြိုးမှုစသည်များကို အနှောင့်အယှက်များစွာဖြစ်ပြီး တိုးတက်မှုအရှိန် နှောင့်နှေးစေခဲ့သည်ကို တွေ့မြင်နေကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးသည် မဖြစ်မနေလိုအပ်လာနေပြီဖြစ်ကြောင်း၊ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးသည် တစ်မျိုးသားလုံး၏အရေးဖြစ်သည်ဟု ခံယူပြီး ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါ ဝင်ဆောင်ရွက်ကြပါစို့၊ ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို တွန်းလှန်ဖယ်ရှားကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

တည်ဆောက်

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဒေါက်တာတိုးတိုးအောင်က “ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကိုယူပြီးခဲ့သည့်နောက် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းသာယာစေရန် ဦးစွာကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယင်းနောက် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဆက်တည်းမှာပင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ယင်းတာဝန်များကို ထမ်းဆောင်ရာ၌ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ မူဝါဒအဖြစ် ဦးထိပ်ထားပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်ကို တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်အေးချမ်းမှုရှိလာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် တစ်ဖက်ကဖော်ချဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးစီမံကိန်းများ စနစ်တကျချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း နိုင်ငံတော်စီးပွားရေးသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း။

ထူးခြားသောတိုးတက်မှုများ

ထို့အပြင် စီးပွားရေးအခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများ၊ တံတားများ၊ ဆည်မြောင်းတာတမံများ၊ လေယာဉ်ကွင်းသစ်များ၊ ရထားလမ်းများနှင့် ရေအားလျှပ်စစ်စက်ရုံများကို တစ်ခုပြီးတစ်ခု

ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးနှင့် ပတ်သက်၍ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ဥမ္မာခင်မိုးမိုး ဆက်လက် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ဒေါ်ကျော့ကျော့ရှင်း ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)



ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်

ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်ရေး လူထုအစည်း အဝေးတွင် ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

ဒို့တာဝန်အရေး(၃)ပါး ဦးထိပ်ထားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အေးချမ်းတည်ငြိမ်ရေး၊ မျှဝေခံစားရေး၊ တည်ဆောက်ရေးနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်တို့ အရင်းခံပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ခိုင်ခိုင်မြဲမြဲ လက်တွဲကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်

တည်ဆောက်ဖွင့်လှစ်ထားခဲ့ခြင်းသည် မည်သည့်ခေတ်နှင့်မှမတူသည့် ထူးခြားသော တိုးတက်မှုများဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများနှင့် အတူ တစ်ဖက်ကလည်း ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီး၌ မြို့နယ်အဆင့်ထိ ပါဝင်သော တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အတူ ပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များစသည့် လူထုလူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအားလုံး စည်းလုံးညီညွတ်စွာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ညှိနှိုင်းအကြံပြုလျက်ရှိကြောင်း။

ပါဝင်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မိမိတို့အမိမြန်မာနိုင်ငံတော်ကြီးကို ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်မှ ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားတို့ဖြင့် ကာကွယ်စောင့်ရှောက်သွားရန် အထူးလိုအပ်နေသော အချိန်ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့လူထုအစည်းအဝေးကြီးက တစ်ဆင့် တိုင်းရင်းသားပြည်သူ အားလုံးကို တပ်လှန့်နှိုးဆော်လိုသည်မှာ ဘေးပြောသည်ကိုမယုံနှင့် သွေးပြောသည်ကို ယုံပါ။ အရေးကြီးတော့ သွေးနီးရာ ဆိုသကဲ့သို့ ပြည်သူတစ်ရပ်လုံးမွေးရာပါ အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး အတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အင်တိုက်အားတိုက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့်ဆွေးနွေးတင်ပြသွားသည်။

ခံစားနေရ

ထို့နောက် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ဥမ္မာခင်မိုးမိုးက ဆက်လက် ဆွေးနွေးတင်ပြရာတွင် ယနေ့ကာလ သည် စနစ်ဟောင်းမှ စနစ်သစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ရန် အခြေခံ ကောင်းများ ပြည့်စုံရေး ဆောင်ရွက် နေချိန်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများက မည်သို့ပင်နိုင်ငံ ရေးအရဖိအားပေးမှု၊ စီးပွားရေးပိတ်ဆို့မှု၊ စွပ်စွဲလုပ်ကြံမှုများ ပြုလုပ်နေသည်ကို ရင်ဆိုင်ရသည့်တိုင် ပြည့်အင်အား သည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် ခံယူချက်ဖြင့် ကိုယ့်ခွန်ကိုယ့်အားကို အခြေခံပြီး ဖိဖိစီးစီးလုပ်ဆောင်နိုင်ခဲ့၍ အောင်မြင်မှု အသီးအပွင့်များ ပြည်သူလူထုတစ်ရပ်လုံးခံစားနေရပြီ ဆိုတာ လက်တွေ့ပဲဖြစ်ကြောင်း၊ နိုင်ငံ တော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အစိုးရ၊ တပ်မတော် နှင့် ပြည်သူ ပူးပေါင်းစွမ်းအားဖြင့် တက်ညီလက်ညီလက်တွဲကာစည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ကို အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းတည် ဆောက် ဖော်ဆောင်လျက်ရှိသည်ကို အထင်အရှားတွေ့မြင်နေရပြီ ဖြစ် ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြား လိုသည်မှာ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝ သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ် ပေါ်လာရေးအတွက် ကြိုးပမ်းအား ထုတ် တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်မှုလုပ်ငန်းများကို နိုင်ငံ တော်၊ ပြည်သူနှင့်တပ်မတော် ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ဘက်စုံကဏ္ဍစုံတွင် အောင်မြင်မှု ရလဒ်ကောင်းများဖြစ် ထွန်းနေပြီး အကျိုးစီးပွား အသီးအပွင့် များကို တိုင်းရင်းသားပြည်သူများ ရရှိ သည်လည်း အတော်ခရီးရောက်နေပြီ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် တိုင်း ရင်းသား ပြည်သူတို့၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင် နေကြသော ပြည်တွင်းပြည်ပ အဖျက် သမား အန္တရာယ်များကို ပြည်သူ့ သဘောထား(၄)ရပ်နှင့်အညီ ပြည် ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသား ပြည်သူအပေါင်းက ပြည်သူ့စွမ်းအား

ဒေါ်ကျော့ကျော့ရှင်းက ဒို့တာဝန် အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက် ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသွားရာတွင် မိမိတို့ မြန်မာနိုင်ငံတော်ကြီးသည် ပထဝီဝင်

များသည် အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှု၏ အခြေခံကောင်းများပင် ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်ဖြစ်

လွတ်လပ်မှုနှင့် အချုပ်အခြာ အာဏာပိုင်ဆိုင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် မိမိတို့၏ ဘိုးဘွားအမွေအနှစ် အစစ်ဖြစ်ပါ ကြောင်း၊ ယင်းအမွေအနှစ်များကို

ခံစားနေကြရပြီဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်အစိုးရက နိုင်ငံတော် အာဏာကို ယူခဲ့ရပြီးသည့်နောက်ပိုင်း တွင် တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို ဦးစားပေးအကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း(၁၇)ဖွဲ့သည် လည်း နိုင်ငံတော်၏စေတနာမှန်ကို သိမြင်လာပြီး ဥပဒေဘောင်ထဲ ဝင်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံ တော်အစိုးရနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးစနစ်တကျ တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်ကိုလည်း အတိအလင်းကြေညာပြီး အမျိုးသားညီလာခံကြီးကို ပြည် ထောင်စုဖွားတိုင်းရင်းသား ကိုယ်စား လှယ်များဖြင့်ဆက်လက်ကျင်းပခဲ့ခြင်း စည်းလုံး ညီညွတ်မှုအင်အားတို့ဖြင့် ဆက်လက် တွန်းလှန်ကာကွယ် တိုက်ဖျက်ချေမှုန်း သွားကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ဆက်လက်တင်ပြသည်။

အစီအစဉ်အရ မော်လမြိုင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှဒေါက်တာအောင်ကျော်ထွန်း က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းကိုယ်စားလှယ် ဒေါက်တာ တိုးတိုးအောင်နှင့် အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စားလှယ်ဒေါ်ဥမ္မာခင်မိုးမိုး တို့တင်သွင်းသွားကြသည့် “ပြည်တွင်း ပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အား ဖြင့် ကာကွယ်ရေး”အဆိုကို လူထု အစည်းအဝေးကြီးမှ အတည်ပြုပေး နိုင်ရန်ထောက်ခံဆွေးနွေးတင်ပြသည်။

အခြေခံကောင်းများ

ထို့နောက် မွန်ပြည်နယ် မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွဲ့စည်းမှုသဘာဝအခြေခံကောင်းနှင့် မျှတသော ရာသီဥတုအခြေခံကောင်း များ ပိုင်ဆိုင်ကြောင်း၊ သဘာဝသယံ ဇာတလည်း ပေါကြွယ်ဝမှုရှိကြောင်း၊ ၎င်းတို့သည် သဘာဝ၏စွမ်းအား များဖြစ်ကြောင်း၊ နောက်စွမ်းအား တစ်ခုမှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ပင်ဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်း တွင် သမိုင်းအစဉ်အလာယဉ်ကျေးမှု အခြေခံကောင်းများရှိကြောင်း၊ မြန်မာ နိုင်ငံသားများ၏ထင်ရှားသော ဂုဏ်ပုဒ် များကိုကြည့်လျှင် ခွဲ၊ သတ္တိရှိပြီး စိတ်ရှည် သည်းခံ ခွင့်လွှတ်တတ် ကြောင်း၊ အငြိုးအာဃာတ မကြီးဘဲ ကျေအေးလွယ်ကြောင်း၊ အမျိုးကို စောင့်ရှောက်ထိန်းသိမ်းသော အမျိုး သားရေး စရိုက်လက္ခဏာကောင်း များဖြင့် ပြည့်စုံသူများ ဖြစ်ကြောင်း၊ ယင်းကဲ့သို့ သဘာဝတရား၏ အခြေ အနေကောင်းနှင့် မြန်မာ့လူ့အဖွဲ့ အစည်း၏ စရိုက်လက္ခဏာကောင်း

မပျောက်မပျက်မဆုံးရှုံးသွားအောင် မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်သွားရေးသည် ဤနိုင်ငံ၌နေသော နိုင်ငံသားအားလုံး ၏ မွေးရာပါ အမျိုးသားရေးတာဝန် ဖြစ်သည်ဆိုသည်ကို အလေးအနက် တင်ပြပြောကြားလိုကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ် မှူးကြီးသန်းရွှေက မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၇)သင်တန်းဖွင့်ပွဲ၌ **“ နိုင်ငံ တော်တည်ဆောက်ရေးရဲ့ တူရှုချက် သည် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံး ညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက် ရေးဖြစ်တယ်။ အဲဒီတည်ဆောက်ရေး ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ မျိုးဆက်ပေါင်း များစွာတို့ရဲ့ သမိုင်း ဖြစ်တယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဖြစ်တဲ့ ဒို့တာဝန် အရေးသုံးပါး ခံယူချက်ရှိသူတွေ ကသာ နိုင်ငံ့သမိုင်းကို တိုးတက် အောင်ဖန်တီးနိုင်မှာ ဖြစ်တယ်။ ပြည်ထောင်စုကြီးကို ကာကွယ်နိုင်မှာ ဖြစ်တယ်”**လို့ လမ်းညွှန်မှာကြားခဲ့ ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

❒ မြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာတိုင်းရင်းသားများ ခေတ်မီဖွံ့ဖြိုး တိုးတက်လာသည်ကို မနာလိုမရှုဆိတ်သော ပြည်တွင်းပြည်ပ သစ္စာဖောက် အဖျက်သမားများသည် အနောက်နိုင်ငံကြီးအချို့၏ အားကိုးဖြင့် နည်းမျိုးစုံသုံးပြီး ဖျက်လိုဖျက်ဆီး ပြုနေကြသည်ကို စဉ်ဆက်မပြတ် တွေ့နေရ၊ မည်သို့ပင် ခြောက်ခြောက် မည်သို့ပင် နှောင့်ယှက် နှောင့်ယှက် မိမိတို့သည် ပြည်သူများ၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ပြည်သူတစ်ရပ်လုံး စည်းလုံးမှုစွမ်းအားဖြင့် မရမနေ တည်ဆောက်သွားကြမည်။

မြန်မာ့ဒီမိုကရေစီတိုးတက်ဖြစ်ပေါ်ရေးမှာ လိုအပ်တဲ့တာဝန်ကြီးသုံးရပ်

လှေတစ်စီးနဲ့ ရေဆန်ခရီးကို သွားရာမှာ လှေထိုးသားနဲ့ လှေပဲ့ကိုင်ရယ်လို့ ကာယလုပ်သားနဲ့ ဉာဏလုပ်သားနှစ်ဦး လိုအပ်ပြီး လှေထိုးသားကလဲ အားစိုက်ခွန်စိုက် လှော်ခတ်ပါမှ၊ ပဲ့ကိုင်ကလဲ ကျွမ်းကျင်စွာ ပဲ့ကိုင်နိုင်မှ လိုရာခရီးကို အောင်မြင်စွာရောက်ရှိနိုင်ပါတယ်။ တစ်ဦးဦးက ချို့ယွင်းပျက်ကွက်ခဲ့သော် လိုရာခရီးသို့ မရောက်နိုင်ပါ။

အလားတူ တိုက်ပွဲတစ်ပွဲကို ဆင်နွှဲရာမှာ တပ်မှူးနဲ့ တပ်သားရယ်လို့ နှစ်မျိုးရှိပါတယ်။ တပ်သားတွေဟာ စည်းကမ်းရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမိန့်နာခံမှု၊ သူရသတ္တိနဲ့ ယုံကြည်ချက်ရှိမှုတွေ လိုအပ်သလို တပ်မှူးဖြစ်သူဟာလဲ စစ်မြေပြင်အနေအထား၊ ရန်သူအနေအထားအပေါ် သုံးသပ်ပြီး မှန်ကန်စွာ အမိန့်ပေး ကြီးကြပ်ကွပ်ကဲနိုင်သူဖြစ်ရန် လိုအပ်ပါတယ်။ တစ်ဖက်ဖက်က တာဝန်မကျေခဲ့သော် တိုက်ပွဲမှာ အောင်မြင်မှု မရနိုင်ပါ။

အလားတူ တိုင်းပြည်တစ်ပြည်ရဲ့ **“ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး”**မှာ ပြည်သူတွေဟာ လှေထိုးသား၊ သို့မဟုတ် တပ်မတော်သားတွေနဲ့တူပြီး နိုင်ငံတော်အစိုးရဟာ လှေပဲ့ကိုင်၊ သို့မဟုတ် တပ်မှူးနဲ့ တူပါတယ်။ **“ပဲ့ကိုင်နဲ့ လှေထိုးသား၊ တပ်မှူးနဲ့ တပ်သား”**ဟာ သူ့တာဝန်ကိုယ့် တာဝန်ကျေပွန်မှ လိုရာခရီးရောက်မယ်၊ တိုက်ပွဲကို အောင်မြင်မယ် ဖြစ်သလို အစိုးရရဲ့ ခေါင်းဆောင်မှုလဲမှန်ကန်၊ ပြည်သူတွေကလဲ မှန်ကန်တဲ့ ခေါင်းဆောင်မှုကို ခံယူပြီး မိမိတို့တာဝန်တွေကို ကျေပွန်အောင် ဆောင်ရွက်မှသာ အောင်မြင်မှု ရနိုင်ပါတယ်။

ဒါကြောင့် “ပြည်သူတွေမပါက မအောင်မြင်နိုင်”ဆိုတဲ့ လူမှုသိပ္ပံတရားရှိသလို“တစ်ဦးချင်း လုံခြုံရေး၊ လူမှုစီးပွား တိုးတက်ဖြစ်ပေါ်ရေး၊ ချမ်းသာကြွယ်ဝရေးတို့ကိုလဲ သဘာဝမှ အလဟဿ” မရနိုင်ပါ။

ထို့အတူ ယနေ့ကမ္ဘာကြီးမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်ရေးအတွက် (၁)နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ (၂)အမျိုးသားစည်းလုံးညီညွတ်ရေး၊ (၃)ဈေးကွက်စီးပွားရေး ပီပြင်စွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အချက်သုံးချက် လိုအပ်ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်မှုမရှိက နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု မရှိနိုင်ပါ။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနဲ့ အမျိုးသား စည်းလုံးညီညွတ်မှု မရှိပါက ဈေးကွက်စီးပွားရေး ပီပြင်စွာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လို့ မရနိုင်ပါ။ ဈေးကွက်စီးပွားရေး ပီပြင်စွာ တိုးတက်မှုမရှိပါက ဒီမိုကရေစီ ဖော်ဆောင်ဖန်တီး၍ မရနိုင်ပါ။ ဒီမိုကရေစီမှာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးရယ်လို့ အသွင်သုံးရပ်နဲ့ လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှုရယ်လို့ အနှစ်သာရ သုံးရပ်ရှိပါတယ်။

> **ဒါကြောင့် အစိုးရအဖွဲ့တစ်ဖွဲ့ဟာ အာဏာရှင်အစိုးရလား။ ဒီမိုကရေစီ အစိုးရလား။ တင်းမာတဲ့ အစိုးရလား။ ပျော့ပျောင်းတဲ့ အစိုးရလားဆိုတာကို ရွေးကောက်တင်မြှောက်ခံအစိုးရလား။ အရပ်သားအစိုးရလား၊ စစ်အစိုးရလားဆိုတာနဲ့ တိုင်းတာဆုံးဖြတ်လို့မရဘဲ အဲဒီအစိုးရဟာ ဈေးကွက်စီးပွားရေး စနစ်ကို ကိုယ်စားပြုသလား၊ မပြုဘူးလားဆိုတာနဲ့သာ တိုင်းတာရပါလိမ့်မယ်။**

ဒီအသွင်သုံးရပ်မှာ ပုဂ္ဂလိက ရောင်းကုန်ထုတ်လုပ်ရေးဟာ စီးပွားရေးဒီမိုကရေစီဖြစ်ပြီး ပါတီစုံစနစ်နဲ့ ပါလီမန် အုပ်ချုပ်ရေးစနစ်ဟာ နိုင်ငံရေးဒီမိုကရေစီ ဖြစ်ပါတယ်။ စစ်ရေးဒီမိုကရေစီကတော့ တပ်မတော်တည်ဆောက်ရေးနဲ့ တပ်တွင်းဆက်ဆံရေး ဖြစ်ပါတယ်။

အနှစ်သာရ သုံးရပ်ထဲက လွတ်လပ်မှုဆိုတာဟာ တိုင်းတစ်ပါးသားလူမျိုးခြားရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့အရ အုပ်စိုးခံ ကိုလိုနီကျွန်ဘဝမှ လွတ်လပ်မှုနဲ့ စီးပွားရေးအရ သူတစ်ပါးအပေါ် မှီခိုနေရတဲ့ဘဝမှ လွတ်လပ်မှု(ဝါ) သူတစ်ပါးအပေါ် အမှီခိုကင်းတဲ့ လွတ်လပ်မှုရယ်လို့ လွတ်လပ်မှုအသွင်နှစ်မျိုးရှိပါတယ်။ တန်းတူမှုဆိုတာ လူသားအချင်းချင်း လူ့အခွင့်အရေးများကို တန်းတူရယူ ခံစားပိုင်ခွင့်ရှိမှုဖြစ်ပြီး လွတ်လပ်မှုနဲ့တန်းတူမှုရှိမှ တရားမျှတမှု ရှိနိုင်ပါတယ်။

ဒီတော့ **တိုင်းတစ်ပါးသား လူမျိုးခြားရဲ့ ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးဟာ တိုက်ယူလို့ရနိုင်သော်လဲ သူတစ်ပါးအပေါ် အမှီခိုကင်းရေးနဲ့ လူ့အခွင့်အရေးတွေကို တန်းတူရရှိရေးဆိုတာဟာ တိုက်ယူလို့ရကောင်းတာ မဟုတ်သလို ဥပဒေပြဋ္ဌာန်းပေးရုံ၊ ပုဂ္ဂိုလ်တစ်ယောက်က ချီးမြှင့်ပေးကမ်းရုံနဲ့ ရကောင်းတာမျိုး မဟုတ်ပါ။**

ဒါကြောင့် **“ဒီမိုကရေစီဆိုတာ ဈေးကွက်စီးပွားရေး ပီပြင်စွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှ ရနိုင်တဲ့ လူ့အခွင့်အရေးများ ဖြစ်ပါတယ်။”**

ဒီတော့ နိုင်ငံတော်အစိုးရရဲ့ ရှေ့ဆောင်လမ်းညွှန် ကွပ်ကဲကြီးကြပ်မှုနဲ့ ပြည်သူတွေရဲ့ အားသွန်ခွန်စိုက် ကုန်ထုတ်လုပ်မှုတွေဖြင့် ကုန်ထုတ်စွမ်းအားစုတွေ အရေအတွက်အရရော အရည်အချင်းပါ တိုးတက်မြင့်မားလာအောင် လုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်ဟာ ပုဂ္ဂလိက ရောင်းကုန်တုပြိုင် ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်လူတန်းစားဟာ အမြတ်များများရရန် ကုန်လုပ်ကိရိယာ(စက်ရုံ-အလုပ်ရုံ)တွေကို များသည်ထက်များအောင် အစဉ်အမြဲ တိုးချဲ့နေရသလို ရောင်းကုန်တစ်ခုရဲ့တန်ဖိုးကို ဒီရောင်းကုန် ထုတ်လုပ်ရေးမှာ စိုက်ထုတ်ထည့်ဝင်ရတဲ့ အလုပ်သမားရဲ့လုပ်အားအနည်းအများ အတိုင်းအတာက ဖန်တီးပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်လူတန်းစားဟာ မိမိရောင်းကုန်တွေကို ပြိုင်ဘက်ထက် ဈေးလျှော့ရောင်းနိုင်ရေးအတွက် မိမိရဲ့ ရောင်းကုန်ထဲမှာ လူ့လုပ်အား အရင်းထည့်ဝင်ရမှုနည်းအောင် လူ့လုပ်အားအစား အလိုအလျောက် လုပ်ဆောင်နိုင်သော စက်ကိရိယာတွေကို အစဉ်အမြဲ တီထွင်နေရပါတယ်။ ဒါကြောင့် ဈေးကွက်စီးပွားရေးမှာ ကုန်လုပ်စွမ်းအားစုတွေဟာ အရေအတွက်အရရော အရည်အချင်းအရပါ တိုးတက်နေလေ့ရှိပါတယ်။

ဒါကြောင့် **“ကုန်လုပ်စွမ်းအားစုတွေနဲ့ ကုန်လုပ်ဆက်ဆံရေးတို့ချင်း ဆက်ဆံရေးမှာ ကမ္ဘာပေါ်တွင် ဘယ်တန်ခိုးအင်အားကမှ တားမရနိုင်တဲ့ အင်အားတစ်ရပ် ရှိတယ်။ အဲဒါကတော့ ကုန်လုပ်ဆက်ဆံရေး (ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး)တွေဟာ ကုန်လုပ်စွမ်းအားစုတွေရဲ့ အဆင့်နဲ့အညီ လိုက်၍ ဖြစ်ရတယ်”**လို့ လူမှုသိပ္ပံတရားက ဆိုထားပါတယ်။ ဆိုလိုတာက ကုန်ကြမ်းတွေ တိုးတက်လာသလောက် စက်ရုံအလုပ်ရုံတွေ တိုးတက်လာပြီး အလုပ်သမားတွေ များလာတာရယ်၊ အလုပ်သမားတွေရဲ့ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးအသိအခြေအနေတွေ ရင့်မာတိုးတက်လာနေတာရယ်တို့အပေါ် အခြေခံပြီး လုပ်ခလစာတွေ တိုးတက်ရရှိလာခြင်း၊ အလုပ်သမားတွေရဲ့ ကျန်းမာရေး၊ နေထိုင်ရေး အစရှိတဲ့ အခွင့်အရေးတွေ တိုးတက်ရရှိလာခြင်း၊ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးတွေ ကောင်းမွန်လာခြင်း စတဲ့အခွင့်အရေးတွေ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ဒီအခြေအနေတွေအပေါ် အခြေခံပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး စနစ်တွေ၊ တရားဥပဒေတွေ၊ မဲပေးပိုင်ခွင့်တွေ၊ လွတ်လပ်စွာ ရေးသားပုံနှိပ် ဟောပြောစည်းရုံး၊ စည်းဝေးခွင့်တွေ ဖြစ်တဲ့ နိုင်ငံရေးဒီမိုကရေစီ အခွင့်အရေးတွေဟာလဲ ပိုမိုတိုးတက် ရရှိလာမှာ ဖြစ်ပါတယ်။

မောင်ညတြ

ကမ္ဘာ့သမိုင်းမှာ အင်္ဂလန်၊ အမေရိကန် တိုင်းပြည်တွေမှာ ပဒေသရာဇ်ခေတ်အတွင်းမှာပဲ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ စတင်သန္ဓေတည်တိုးပွားလာမှုကြောင့် လူ့အဖွဲ့အစည်း၊ ရုပ်ဝတ္ထု ကုန်လုပ်စွမ်းအားစုတွေဟာ မိမိတို့ရဲ့ တိုးတက်ဖြစ်ပေါ်ရေး တစ်ဆင့်ဆင့်မှာ တည်ဆဲကုန်လုပ်ဆက်ဆံရေးတွေနဲ့လာပြီး အတိုက်အခံ ဖြစ်ကြတယ်။ အဲဒီကုန်လုပ်ဆက်ဆံရေး အသွင်တွေဟာ ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်စေရာ အသွင်တွေအဖြစ်မှ အတားအဆီးတွေအဖြစ်သို့ အသွင်ပြောင်းလဲသွားတတ်ကြတယ်။ ဒီအခါမှာ တော်လှန်ရေးဆိုတာဟာ အစပြုလာတော့တယ်။ စီးပွားရေးအုတ်မြစ် ပြောင်းလဲလာသည်နှင့် တစ်ပါတည်းမှာ ရေမအပေါ်ထပ်အဆောက်အအုံကြီး(နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်နဲ့ တရားဥပဒေများ၊ လူ့ဆက်ဆံရေးထုံးစဉ်လာများ) ဟာလဲ အနှေးနဲ့အမြန် လိုက်ပါပြောင်းလဲလာရတော့တယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒကဆိုထားတဲ့အတိုင်း သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်နဲ့ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ် စီးပွားရေးတွေ ပျက်သုဉ်းပြီး အရင်းရှင်စီးပွားရေးနဲ့ ပါလီမန် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာခဲ့တယ်။

ပထမကမ္ဘာစစ်ကြောင့် လူ၁၇သန်း သေကြေပြီး စက်ရုံအလုပ်ရုံ ကုန်လုပ်ကိရိယာတွေ ကြေပျက်ကုန်ကာ စီးပွားရေးမွဲပြာကျသွားတဲ့ ဂျာမနီ၊ အီတလီ၊ ဂျပန်တို့မှာ နာဇီဝါဒ၊ ဖက်ဆစ်ဝါဒ အသွင်ဆောင်တဲ့ အာဏာရှင် စနစ်တွေ ဖြစ်ပေါ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အပြီးမှာ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်မှုကြောင့် နာဇီဝါဒ၊ဖက်ဆစ်ဝါဒ၊ အာဏာရှင်စနစ်တွေ ပျက်သုဉ်းပြီး ဒီမိုကရေစီစနစ်တွေ ဖြစ်ပေါ်ခဲ့တယ်။

ဒါကြောင့် ဈေးကွက်စီးပွားရေး ပီပြင်စွာ ဖွံ့ဖြိုးတိုးတက်မှုဟာ အာဏာရှင်စနစ်ကို ပျက်သုဉ်းစေပြီး ဒီမိုကရေစီစနစ်ကို ဖြစ်ပေါ်စေပါတယ်။ ဒီလိုတိုင်းပြည်ကိုယ်တိုင်က ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်မှ အာဏာရှင်စနစ်လဲ ချုပ်ငြိမ်းသွားပါတယ်။ အမေရိကန်အစိုးရဟာ အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီ ထူထောင်ရေးဆိုပြီး အီရတ်နိုင်ငံရဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးကို အားပေးကူညီရမယ့်အစား အီရတ်ရေနံကို လက်ဝါးကြီး အုပ်နိုင်ရေးအတွက် သက်သက်နဲ့ အီရတ်ကို ဝင်ရောက်ကျူးကျော်ကာ ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချပြီး ၎င်းရဲ့ သြဇာခံအစိုးရ တည်ဆောက်ရေး လုပ်ဆောင်ချက်ကြောင့် အီရတ်ပြည်သူတွေ ဒုက္ခပင်လယ်ဝေနေကြရတယ်။

အမေရိကန်အစိုးရဟာ ကမ္ဘာပေါ်မှာ စီးပွားရေးပိတ်ဆို့မှုပေါင်း ၆၀ကျော် လုပ်ဆောင်ခဲ့သော်လည်း ယခုထိ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုကြောင့် ဒီမိုကရေစီနိုင်ငံ အလိုလိုဖြစ်သွားတဲ့ တိုင်းပြည် ဒီကမ္ဘာကြီးမှာ မရှိသေးပါ။

မြန်မာနိုင်ငံဟာ ၁၉၄၈ခုနှစ်မှာ အင်္ဂလိပ်အစိုးရထံမှ လွတ်လပ်ရေးနဲ့အတူ ဒီမိုကရေစီ ကိုင်းကူးပျိုးပင်ကလေးကို ရရှိခဲ့တယ်။ ဒါကို နယ်ချဲ့သမားနဲ့ မြန်မာတိုင်းရင်းသား နေရှင်လူတန်းစား ပူးပေါင်းသွားတဲ့ ဖောက်ပြန်တဲ့လုပ်ရပ်အဖြစ် ရောင်စုံသူပုန်ထမှုကြီးနဲ့ ဆန့်ကျင်တိုက်ဖျက်လိုက်ကြတော့ ၁၉၅၈ ခုနှစ်မှာ ဖဆပလ နှစ်ခြမ်းကွဲပြီး ထိန်းမနိုင် သိမ်းမရဖြစ်လို့ အိမ်စောင့်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိန်းပြီး ရွေးကောက်ပွဲ ကျင်းပပေးခဲ့ရတယ်။ ဒါပေမယ့် ဖဆပလအစိုးရနဲ့ အဖွဲ့ချုပ်ဟာ အကွဲမရပ်နိုင်တဲ့ အနေအထားကြောင့် နိုင်ငံတော်အာဏာကို ထိန်းသိမ်းထားနိုင်တဲ့ အနေအထား မရှိတော့တာရယ်၊ ဖဆပလကို ဆန့်ကျင်နေတဲ့ အတိုက်အခံ နိုင်ငံရေးပါတီတွေကလဲ အာဏာရယူပြီး နိုင်ငံတော်ကို ရှေ့ဆောင်ထိန်းကျောင်းနိုင်စွမ်း မရှိတာရယ်တို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်က ၁၉၆၂ခုနှစ်မှာ နိုင်ငံတော်အာဏာကို ယူခဲ့ရတယ်။

အဲဒီကာလတုန်းက ဈေးကွက်စီးပွားရေးစနစ်ကို ဖောက်ပြန်ကျဆုံးနေတဲ့ စနစ်ဖြစ်တယ်လို့ ကမ္ဘာကြီးတစ်ခုလုံးက ခံယူနေကြပြီး အရင်းရှင် စနစ် တိုက်ဖျက်ရေး၊ ဆိုရှယ်လစ်စနစ် ထူထောင်ရေးကို တစ်ကမ္ဘာလုံးလောက်ကရော မြန်မာနိုင်ငံရှိ အာဏာရှိအာဏာမဲ့ ဥပဒေတွင်း ဥပဒေပ နိုင်ငံရေးပါတီတွေနဲ့ ပြည်သူအများစုကြီးကပါ နှစ်ခြိုက်လိုလားနေကြတယ်။ ဒါကြောင့် တော်လှန်ရေးကောင်စီအစိုးရဟာ ဗဟိုချုပ်ကိုင် စီးပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးအဖြစ် ကျင့်သုံးခဲ့တယ်။

ဒီလိုဖြစ်ခဲ့ရတဲ့ အကြောင်းရင်းဟာ အင်္ဂလိပ် ကိုလိုနီဘဝမှာ မြန်မာနိုင်ငံဟာ ခေတ်နောက်ကျ မြေရှင်စနစ်ကြီးစိုးတဲ့ ကုန်ကြမ်းထုတ်လုပ်ရာ တိုင်းပြည်တစ်ပြည်သာ ဖြစ်ခဲ့ရတာရယ်၊ အဲဒီမှာရှိနေတဲ့ ကုန်ထုတ်စွမ်းအားစုတွေဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ ကျဆင်းကြေပျက်ကုန်တာရယ်၊ လွတ်လပ်ရေးနဲ့အတူ ရောင်စုံသူပုန်ထမှုကြီးကလဲ ကုန်ထုတ်စွမ်းအားစု အကြွင်းအကျန်တွေကို ပိုမိုကျဆင်းစေခဲ့တာရယ်တွေက သက်ရောက်လာတဲ့ အကျိုးဆက်ဖြစ်ခဲ့ပါတယ်။

ဒီလို ကမ္ဘာ့သမိုင်းဖြစ်ရပ်တွေနဲ့ မြန်မာ့သမိုင်းဖြစ်ရပ်သင်ခန်းစာတွေဟာ မေ့ပျောက်ဖျောက်ဖျက်ပစ်လို့ မရနိုင်လောက်အောင် ရှိနေပါလျက် မြန်မာ့ဒီမိုကရေစီ ဖော်ဆောင်ရေးမှာ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ အနောက်အုပ်စုရဲ့ အာဏာရှင်စနစ် တိုက်ဖျက်ရေး၊ ဒီမိုကရေစီ ထူထောင်ရေး သဘောတရားကို ပြည်ပရောက် ပြည်ပြေးတွေနဲ့ နယ်ချဲ့သြဇာခံတွေ၊ စိတ်ကူးယဉ် လက်ယာအချောင်သမား ဒီမိုကရေစီဝါဒီတွေက လေ့နှံ့ဓားထစ်ခံယူကျင့်သုံးခဲ့ကြတယ်။ နိုင်ငံတကာရဲ့ ဖိအားပေးမှုနဲ့ မြန်မာ့အရေးကို ကုလသမဂ္ဂအရောက် သယ်ပို့ခဲ့ကြတယ်။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲကို အကောင်အထည်ဖော်သောအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ NLD အား အာဏာလွှဲပေးရေးကို လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်နဲ့ ဖိအားပေးရယူရန် လွဲမှားစွာ လုပ်ဆောင်လာကြတယ်။ ပြည်တွင်းမှ အစိုးရဆန့်ကျင်ရေးဝါဒီတွေကလဲ နိုင်ငံတကာက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုတွေလုပ်ပြီး တိုင်းပြည်နဲ့ လူထုကို စီးပွားရေးတွေ ကျဆင်းကျပ်တည်းစေကာ ၁၉၈၈အရေးအခင်းလို ဆူပူအုံကြွမှုနဲ့ တပ်မတော်အစိုးရကို ပြုတ်ကျစေပြီး NLD အာဏာရရေးကို ဒီမိုကရေစီဖော်ဆောင်ရေး လမ်းစဉ်အဖြစ် လုပ်ဆောင်နေကြတယ်။

ပြည်တွင်း ပြည်ပ အစိုးရဆန့်ကျင်ရေး ဝါဒီတွေရယ်၊ အမေရိကန်အစိုးရနဲ့ အနောက်အုပ်စုနိုင်ငံတွေရယ်၊ နိုင်ငံတချို့မှ မြန်မာ့ဒီမိုကရေစီရေး လိုလားထောက်ခံသူ အမည်ခံအဖွဲ့အချို့၊ အတိုက်အခံ အမတ်တချို့နဲ့ အာဏာရပါတီအမတ် အနည်းငယ်တို့ ပူးပေါင်းပြီး လူ့အခွင့်အရေး ချိုးဖောက်မှု၊ ဒီမိုကရေစီရေး ဖိနှိပ်မှု၊ တိုင်းရင်းသားလူမျိုးစုတွေကို မတရားဖိနှိပ်သတ်ဖြတ်မှု စတဲ့ မမှန်မကန် လုပ်ကြံဝါဒ ဖြန့်ချိမှုမျိုးစုံဖြင့် တပ်မတော်အစိုးရကို အာဏာရှင်အစိုးရ ပုံပမာဖြစ်အောင် ဝါဒဖြန့်ချိ ပုံဖော်နေကြတယ်။

ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးမှ အစိုးရအဖွဲ့အားလုံးဟာ လူတန်းစားကွဲပြားမှုအပေါ် အခြေခံပြီး ဖြစ်ပေါ်လာရတဲ့ ဖိနှိပ်ရေးကိရိယာတွေသာ ဖြစ်တယ်။ အာဏာရှင် အစိုးရဆိုတာ လူနည်းစုက လူများစုကိုဖိနှိပ်တဲ့ အစိုးရဖြစ်ပြီး ဒီမိုကရေစီအစိုးရဆိုတာ လူများစုက လူနည်းစုကို ဖိနှိပ်တဲ့ အစိုးရ ဖြစ်ပါတယ်။ ဒီတော့ အစိုးရအဖွဲ့တစ်ဖွဲ့ကို အာဏာရှင်အစိုးရလား၊ ဒီမိုကရေစီအစိုးရလားဆိုတာ သိရအောင် သူကိုယ်စားပြုလုပ်ဆောင်ထားရာ စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်လား၊ ဈေးကွက်စီးပွားရေးကို ဆန့်ကျင်တဲ့ ဗဟိုချုပ်ကိုင် စီးပွားရေးစနစ်လားဆိုတာနဲ့သာ တိုင်းတာရပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ အစိုးရတိုင်းဟာ သူကိုယ်စားပြု လုပ်ဆောင်ထားရာ စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်တံ့ခိုင်မြဲရေးကို ဖော်ဆောင်အကာအကွယ်ပေးနေရတာ ဖြစ်တဲ့အတွက် သူကိုယ်စားပြု လုပ်ဆောင်ထားရာ စီးပွားရေးစနစ်ကို ဆန့်ကျင်သူတွေ၊ နှောင့်ယှက်ဖျက်ဆီးဟန့်တားသူတွေကို နှိမ်နင်းရစမြဲ ဖြစ်ပါတယ်။

ဒါကြောင့် လူ့အဖွဲ့အစည်းရဲ့ အမှုကိစ္စတွေကို စီမံခန့်ခွဲနေတာဟာ အစိုးရမဟုတ်ဘဲ လူ့အဖွဲ့အစည်းရဲ့အမှုကိစ္စတွေကို လူ့အဖွဲ့အစည်းကသာ စီမံခန့်ခွဲနေတာ ဖြစ်တယ်(It is not the state that manages the affairs of society but society that manages the affairs of the society) လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒက ဆိုထားပါတယ်။ ဆိုလိုတာက လူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်တွေ၊ တရားဥပဒေတွေ၊ ပညာရေးစနစ်တွေ၊ ကျန်းမာရေးစနစ်တွေ၊ လူ့ဆက်ဆံရေးထုံးစဉ်လာတွေကို အစိုးရက သူ့ရဲ့အလိုကျ၊သဘောကျလုပ်ဆောင်နေတာမဟုတ်ဘဲ လူ့အဖွဲ့အစည်းဆိုတဲ့ စီးပွားရေးစနစ် တိုးတက်တည်မြဲရေးအတွက် လိုအပ်တဲ့ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ တရားဥပဒေတွေ၊ ပညာရေး၊ ကျန်းမာရေးစနစ်တွေကို လူ့အဖွဲ့အစည်းဖြစ်တဲ့ စီးပွားရေးစနစ်ရဲ့ လိုအပ်ချက်တွေအတိုင်း အစိုးရက လုပ်ပေးရတာ ဖြစ်တယ်။

ဒါကြောင့် အစိုးရအဖွဲ့တစ်ဖွဲ့ဟာ အာဏာရှင်အစိုးရလား၊ ဒီမိုကရေစီအစိုးရလား၊ တင်းမာတဲ့ အစိုးရလား၊ ပျော့ပျောင်းတဲ့ အစိုးရလားဆိုတာကို ရွေးကောက်တင်မြှောက်ခံအစိုးရလား၊ အရပ်သားအစိုးရလား၊ စစ်အစိုးရလားဆိုတာနဲ့ တိုင်းတာဆုံးဖြတ်လို့မရဘဲ အဲဒီအစိုးရဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကိုယ်စားပြုသလား၊ မပြုဘူးလားဆိုတာနဲ့သာ တိုင်းတာရပါလိမ့်မယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၉ မှ

ယင်းကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နေ့မအားညမနား ကြိုးပမ်းတည်ဆောက်ခဲ့ကြ၍ မိမိတို့ မွန်ပြည်နယ်၌ဆိုလျှင် ၁၉၈၈ ခုနှစ်က ဆည်တမံဟူ၍ ကဇိုင်ဆယ်၊ ဖနုံရေထိန်းတံခါးတို့သာ ရှိခဲ့ရာမှ ယခုအခါအဇင်းရေလှောင်တမံ(မုဒုံ)၊ ဝါးပါးရေလှောင်တမံ(သထုံ)၊ ရွှေနတ်တောင်ရေလှောင်တမံ (မော်လမြိုင်)၊ ဘီးလင်းရေလှောင်တမံ (ဘီးလင်း)၊ ဝင်းဖနုံရေလှောင်တမံ(မုဒုံ)၊ ဇိုက္ကရဲရေထိန်းတံခါး(သထုံ)၊ ကျုံထော်ရေထိန်းတံခါး(သထုံ)နှင့် မြစ်ရေတင် ၁၁ခုကို တည်ဆောက်ပေးနိုင်ခဲ့ပြီး မြစ်ရေတင်နှစ်ခုကိုလည်း တည်ဆောက်ပေးလျက်ရှိနေခြင်းကြောင့် အကျိုးပြုဧရိယာ ခြောက်သိန်းခန့်ရှိလာပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ ထို့အပြင် နှစ်ရှည်ရော်ဘာစိုက်ဧက တိုးပွားအောင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရော်ဘာစိုက်ဧက သုံးဆကျော်တိုးတက်ကာ ဧက၂၄၀၀၀၀ ကျော် စိုက်ပျိုးထားနိုင်ပြီဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊တည်ဆောက်ရေးစိတ်ဓာတ်၊ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်တို့ဖြင့်မိမိတို့ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရ၊တပ်မတော်တို့နှင့်အတူ ခိုင်ခိုင်မြဲမြဲအတူလက်တွဲ၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဦးသောင်းရွှေက ဆက်လက်ဆွေးနွေးတင်ပြရာတွင်–

ယနေ့ကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့သည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူ၊ တပ်မတော်နှင့် အတူတကွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူတို့၏ အနာဂတ်ဘဝကို ပုံဖော်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အမျိုးသားညီလာခံကြီးတွင်လည်း ငြိမ်းချမ်းရေးရယူခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက် ဆွေးနွေးလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရန် အနာဂတ်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရန် ပြည်သူတစ်ရပ်လုံးနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်နေကြသည်ကို မျက်ဝါးထင်ထင်မြင်တွေ့နေရပြီဖြစ်၍ ရည်မှန်းချက်ပန်းတိုင်ကို မုချဧကန် ရောက်တော့မှာ ဖြစ်ကြောင်း။

အတိအလင်းထုတ်ဖော်

၁၉၉၈ ခုနှစ် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ဒို့တပ်မတော်ဟာ ငြိမ်းချမ်းရေးပန်းကို လက်ကမ်းပြီး တံခါးဖွင့်ကြိုဆိုနေဆဲပဲဟု ဒီနေရာမှာအတိအလင်း ပြောကြားလိုတယ်၊ မြေပေါ်မှာရှိတဲ့ ဘယ်နိုင်ငံရေးပါတီအဖွဲ့စည်းတွေပဲ ဖြစ်ဖြစ် ဒို့နိုင်ငံသား ဒို့တိုင်းရင်းသားတွေပဲဖြစ်ကြတယ်၊ ဒို့ဟာ ယုံကြည်ချက်ချင်း၊ ခံယူချက်ချင်းတူညီချင်မှ တူညီမှာဖြစ်သော်လည်းပဲ သူတို့အပေါ်မှာ အာဃာတစိတ်ဓာတ် စိတ်ထားမျိုးထားစရာအကြောင်း မရှိဘူး၊ ယနေ့အခြေအနေမပေးသေးပေမယ့် တစ်ချိန်မှာ အမျိုးသားစည်းလုံးညီညွတ်မှုအတွက် နိုင်ငံရေးအင်အားစုများကို စည်းလုံးညီညွတ်မှုရအောင် ကြိုးစားသွားကြမှာပဲဖြစ်တယ်”**ဟု တပ်မတော်၏ ရပ်တည်မှုနှင့် သဘောထားစေတနာကို ဖြောင့်မတ် တည်ကြည်စွာ အတိအလင်း ထုတ်ဖော်မိန့်ကြားသွားခဲ့ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ဒို့တာဝန် အရေးသုံးပါးကို အစဉ်ဦးထိပ်ထား၍ အားသွန်ခွန်စိုက် နေ့ညမနား ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အတိအလင်းချမှတ်ကာ အရှိန်အဟုန်ပြင်းစွာဖြင့် အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကို တည်ဆောက်နေသည့်အချိန်တွင် အဖျက်အဆီးအနှောင့်အယှက်များ၊ ပြည်တွင်းရှိ ပြည်ပအားကိုးပုဆိန်ရိုးများသာမက၊ ပြည်ပနယ်ချဲ့လက်သစ်များပင် ဝင်ရောက်နှောင့်ယှက်လျက်ရှိနေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် တည်ငြိမ်အေးဆေးစွာဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမှုဟူသမျှနှင့် ပြည်ထောင်စုကြီးပြိုကွဲရန် ဆောင်ရွက်မှုမှန်သမျှကို ရှင်းရှင်းလင်းလင်း သိမြင်နားလည်သဘောပေါက်ပြီးဖြစ်သကဲ့သို့ လက်တစ်ဆုပ်စာလူတစ်စုနှင့် ပြည်ပနိုင်ငံအချို့က ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ဟန့်တားမှုများကို ပြစ်တင်ရှုတ်ချရင်း အဖျက်ဟူသမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးညီညွတ်မှုအင်အားတို့ဖြင့် တစ်ခဲနက်ကာကွယ်တွန်းလှန် ချေမှုန်းသွားကြရန် အချိန်တန်ပြီဖြစ်ကြောင်း ပြည်သူလူထုကြီးအား တိုက်တွန်းနှိုးဆော်လိုက်ပါကြောင်း။

ဆက်လက်ထိန်းသိမ်း

ယနေ့နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ကွက်လပ်မကျန်ရအောင် တည်ဆောက်ပြုပြင်ပေးသည့် အနက်က မိမိတို့ မွန်ပြည်နယ်မှာဆိုလျှင် ပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ ယခင်က ပေ ၁၈၀ အထက်တံတားဟူ၍ ခဝါချောင်းတံတား၊ ရေးချောင်းတံတား၊ ဘီးလင်းချောင်းတံတားတို့သာ ရှိခဲ့ကြောင်း၊ ယခု တပ်မတော်အစိုးရ လက်ထက်တွင် ဝင်းဖနုံတံတား၊ နီးပဒေါတံတား၊ ကွမ်းကျိုက်တံတားနှင့် သဲဖြူချောင်းတံတားတို့ကို ထပ်မံတိုးပွားတည်ဆောက်ပေးခဲ့ကြောင်း၊ ထို့အပြင် အထူးစီမံကိန်းဝင်တံတားကြီးအဖြစ် ဇာသပြင်တံတား၊ အတ္တရံမြစ်ကူးတံတား၊ ရေးမြို့နယ်တွင် ကိုးမိုင်တံတား၊ ရထားရော ကားပါ ဖြတ်သန်းနိုင်သည့် ဒုံသမိတံတားနှင့် ပေ ၈၅၀ ရှိ ရေးတံတားကြီးအပြင် မြန်မာနိုင်ငံ၌ အရှည်လျားဆုံး အထူးခြားဆုံး တည်ဆောက်ပြီးစီးခဲ့သည့် သံလွင်တံတားကြီး(မော်လမြိုင်)ဟာ အရှည် နှစ်မိုင်ကျော်ရှိပြီး ရထားရောကားပါ ဖြတ်သန်းသွားလာနိုင်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် ပြည်သူလူထုကြီးတစ်ရပ်လုံးကိုယ်စား ပြောကြားလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

အစီအစဉ်အရ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဒေါ်ခင်မျိုးမျိုးက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်ကျော့ကျော့ရှင်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ်ဦးသောင်းရွှေတို့ တင်သွင်းသည့် အဆိုကိုအတည်ပြုပေးနိုင်ရန်ထောက်ခံဆွေးနွေးတင်ပြသည်။

ထို့နောက် သဘာပတိက **“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကိုပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး”အဆိုနှင့် “ဒို့တာဝန် အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍမှတက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”** အဆိုနှစ်ရပ်အား လူထုအစည်းအဝေးပွဲက အတည်ပြုပေးနိုင်ရန် အစည်းအဝေး တက်ရောက်လာသူများ၏ သဘောထားရယူပြီး အဆို(၂)ရပ်ကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးကိုကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မော်လမြိုင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာအောင်ကျော်ထွန်းက ကိုယ်စားလှယ်များ တင်သွင်းသွားကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး အဆိုကိုလူထုအစည်းအဝေးကြီးမှ အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ်ဒေါ်ခင်မျိုးမျိုးက ကိုယ်စားလှယ်များတင်သွင်းသွားကြသည့် ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အဆိုကို အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ဒီနေ့မြန်မာနိုင်ငံမှ တပ်မတော်အစိုးရဟာ ၁၉၈၈ခုနှစ်မှာ နိုင်ငံတော်အာဏာကို ရယူခဲ့စဉ်ကတည်းက ဗဟိုချုပ်ကိုင်စီးပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးခဲ့တဲ့ အစိုးရဖြစ်တယ်။

နိုင်ငံရေးဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကို ချမှတ်ပြီး ဈေးကွက်စီးပွားရေးကို အကောင်အထည်ဖော်ပေးခဲ့တာကြောင့် ကိုလိုနီခေတ်၊ ဖဆပလခေတ်၊ လမ်းစဉ်ပါတီခေတ်တွေမှာ မရှိခဲ့ဖူးတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေဟာ ငြင်းမရနိုင်တဲ့ လက်တွေ့ သာဓကတွေပဲ ဖြစ်ပါတယ်။

ဒီလိုဈေးကွက်စီးပွားရေး ရုပ်ဘဝရဲ့ လိုအပ်ချက်အရ ၁၉၉၀ပြည့်နှစ်မှာ ရွေးကောက်ပွဲ ကျင်းပပေးခြင်း၊ ၁၉၉၃ခုနှစ်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံ ကျင်းပပေးခဲ့ခြင်းတို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကို အကောင်အထည်ဖော်ရန် လုံးပန်းအားထုတ်ခဲ့တယ်။ ဒါကြောင့် NLD ဟာ တိုင်းပြည်နဲ့ လူထုအကျိုးကို အမှန်တကယ်လိုလားရင် တိုင်းပြည်နဲ့ လူထုအကျိုးကို နည်းမှန်လမ်းမှန်နဲ့ သယ်ပိုးပေးနေတဲ့ တပ်မတော်အစိုးရနဲ့ လက်တွဲပူးပေါင်း လုပ်ဆောင်သင့်တယ်။

သို့သော် အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ သဘောတရားအမှားကို ဇွတ်အတင်းစွဲကိုင်ထားတဲ့ NLDဟာ တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေကို အသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်ရမယ့်အစား တပ်မတော်အစိုးရကို အပြုတ်တိုက်ပြီး အာဏာရယူရေးကိုသာ တစ်သမတ်တည်း လုပ်ဆောင်ခဲ့တယ်။

အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတရားကြောင့် NLDလိုလားထောက်ခံသူနဲ့ တပ်မတော်လိုလားထောက်ခံသူ နှစ်စုကွဲပြီး မေ၃၀ ဒီပဲယင်း လူထုချင်းပဋိပက္ခကို ဖြစ်ပေါ်စေခဲ့တယ်။ အဲဒီ မတိုင်မီကာလတွေမှာလဲ လေယာဉ်ပျံပြန်ပေးဆွဲမှုတွေ၊ သန်လျင်ရေနံချက်စက်ရုံနဲ့ ရန်ကုန်မြို့တော်ခန်းမ ဗုံးဖောက်ခွဲမှု၊ ဗုဒ္ဓစွယ်တော်မြတ်ပူဇော်ပွဲ ဗုံးဖောက်ခွဲမှုနဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးရဲ့သမီးကို သေဆုံးစေခဲ့တဲ့ လုပ်ကြံသတ်ဖြတ်မှု၊ ရန်ကုန်မြို့တွင်း ဗုံးဖောက်ခွဲမှုတွေနဲ့ ဓာတ်ငွေ့ပိုက်လိုင်း ဗုံးဖောက်ခွဲမှု၊ လောပိတ ဓာတ်အားပေးဓာတ်တိုင် ဗုံးဖောက်ခွဲမှုမှသည် လွန်ခဲ့တဲ့ မေလထဲမှာ မန္တလေးဈေးချိုနဲ့ ရန်ကုန်မြို့မှ ကုန်စည်ပြပွဲနဲ့ ကုန်တိုက်တွေမှာ ဗုံးဖောက်ခွဲမှုတွေ ဖြစ်လာခဲ့တယ်။ ဒီအနိဋ္ဌာရုံ လုပ်ဆောင်ချက်တွေဟာ အာဏာရှင်စနစ် ကျဆုံးရေးဆိုပြီး တည်ဆဲတပ်မတော်အစိုးရ ပြုတ်ကျရေး လုပ်ဆောင်မှုတွေဖြစ်တယ်။ တိုင်းပြည်မှာ စစ်အာဏာရှင်အစိုးရအုပ်စိုးနေလို့ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းမှုမရှိ ဖြစ်နေတယ်။NLD အာဏာရမှ နိုင်ငံတည်ငြိမ်အေးချမ်းမှုရမယ်လို့ ပြည်သူတွေအယူလွဲပြီး တိုင်းပြည်မှာ ဆူပူအုံကြွမှုတွေ ဖြစ်အောင်လုပ်တဲ့ လုပ်ဆောင်ချက်တွေ ဖြစ်တယ်။

ဒါကြောင့် အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုပြီး နိုင်ငံတကာဖိအားပေးမှုတွေနဲ့၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နဲ့ အာဏာလွှဲပြောင်းရယူရေး၊ နိုင်ငံတကာမှ စီးပွားရေး၊ နိုင်ငံရေး ဖိအားပေးပိတ်ဆို့မှုတွေနဲ့ တိုင်းပြည်နဲ့လူထုမှာ စီးပွားရေးတွေကျပ်တည်းပြီး ဆူပူအုံကြွမှုဖြင့် အာဏာရယူရေး လုပ်ဆောင်နေမှုတွေဟာ ဈေးကွက်စီးပွားရေးကို ဆန့်ကျင်ပြီး ကုန်လုပ် စွမ်းအားစုတွေကို ကျဆင်းစေတဲ့လမ်းစဉ်၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေတဲ့ လုပ်ငန်းစဉ်သာ ဖြစ်နေပါတယ်။

အကယ်၍သာ NLD ဟာ တပ်မတော်အစိုးရကို အပြန်အလှန် ယုံကြည်မှုနဲ့ ရှုမြင်နားလည်ပြီး ပူးပေါင်းလုပ်ဆောင်ခဲ့မယ်ဆိုရင် စီးပွားရေး၊ နိုင်ငံရေး အနိဋ္ဌာရုံတွေ၊ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုတွေ၊ အဖမ်းခံထောင်ကျခံကြရတဲ့ ကြမ္မာဆိုးတွေ၊ ပြည်ပသို့ထွက်ပြေးတိမ်းရှောင်ပြီး ပြည်ပြေးဘဝရောက်ရတဲ့ အဖြစ်မျိုးတွေ ဖြစ်ပေါ်လာစရာ လုံးဝမရှိပါ။

ဒါကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေးတို့အတွက် အောက်ပါတာဝန်ကြီး သုံးရပ်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ပါတယ်–

(၁) စီးပွားရေးအရ ဈေးကွက်စီးပွားရေး ပီပြင်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ ဆိုတဲ့ နိုင်ငံတော်ရဲ့ နှိုးဆော်ချက်ကို တုံ့ပြန်သောအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို နှစ်ဆတိုးအောင် အားသွန်ခွန်စိုက် လုပ်ဆောင်ကြရန်။

(၂) နိုင်ငံရေးအရ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ အာဏာရှင်စနစ် တိုက်ဖျက်ရေး၊ ဒီမိုကရေစီ ဖော်ဆောင်ရေး တရားဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးကို ပျက်ပြားစေတဲ့၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးကို ဆန့်ကျင်တဲ့ ဖောက်ပြန်ရေးလမ်းစဉ် ဖောက်ပြန်ရေးတရားသာဖြစ်ကြောင်း ဓမ္မဓိဋ္ဌာန်ကျကျ ခံယူရန်နဲ့ ယနေ့ချမှတ် အကောင်အထည်ဖော်နေတဲ့ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းစဉ်(၇)ရပ်ကို တပ်မတော်အစိုးရနဲ့ ပူးပေါင်း အကောင်အထည်ဖော်ရန်။

(၃) ဗုံးဖောက်ခွဲ အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်နေသူတွေ၊ ကောလာဟလ ထုတ်လွှင့်နေသူတွေစတဲ့ အကြမ်းဖက်အဖျက်သမားမှန်သမျှကို ပြည်သူတစ်ရပ်လုံးက မပြတ်သောသတိဖြင့် စောင့်ကြည့်လေ့လာပြီး နိုင်ငံတော်ကာကွယ်ရေး အင်အားစုများနှင့် ပူးပေါင်းချေမှုန်းကာကွယ်သွားရန်ဆိုတဲ့ တာဝန်ကြီးသုံးရပ်ကို ပြည်သူတစ်ရပ်လုံးက ထမ်းဆောင်ကြိုးပမ်း သွားကြပါရန်

တိုက်တွန်း ပန်ကြားလိုက်ရပါတယ်။ ။

ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းအရည်အချင်းမြှင့် မွမ်းမံသင်တန်း သင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်း ရုံးချုပ်သင်တန်းခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းတက်ရောက်၍ အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းသားများအား ဆုချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၈ ရက်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကျိုက္ကလဲ့စေတီ ဘက်စုံအလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၂၉

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလဲ့စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ဘက်စုံအလှူငွေပေးအပ်ပွဲနှင့် (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင်၁၅ရက်ကကျင်းပရာဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေများပေးရာ ဗိုလ်မှူးချုပ်ဝင်းသန်း၊ ဇနီး ဗိုလ်ကြီး ဒေါ်ရီရီဝင်း(ငြိမ်း) မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ဒေါ်ကြည်ကြည်ရွှေ၊ သား မောင်နေရွှေသွေးအောင်တို့က ငွေကျပ် ၁၀၀၀၀၀၊ အင်းဝသြောင်ရမ်း အဖွဲ့က ငွေကျပ်၂၀၀၀၀၊ ဒေါက်တာ ဦးဇော်ဝင်း၊ ဇနီး ဒေါက်တာဒေါ်ခင်မေသန်းတို့က ငွေကျပ် ၁၀၀၀၀၊ ဒေါ်ဥမ္မာခင် (ကထိက)က ငွေကျပ် ၆၀၀၀၊ ဒေါက်တာ ထွန်းမြင့်လတ်–ဒေါ်သီတာဇော်ဝင်းတို့က ငွေကျပ် ၆၀၀၀နှင့် စုစုပေါင်းအလှူရှင်များက လှူဒါန်းငွေကျပ် ၅၀၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်က လက်ခံရယူကြောင်း သိရသည်။ **(၃၆၃)**

ရန်ကင်းမြို့နယ်တွင်စာပေသုတဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၉

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ (၁၄) ကြိမ်မြောက် စာပေသုတ ဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်နံနက် ၈ နာရီက ရန်ကင်း ၁၂ လုံးတန်း အမှတ်(၃)ရပ်ကွက် သဒ္ဓမ္မဘာဝိတဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ (တင်အောင်ရွှေ–သုတေသီ)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးလှတိုး(တိုးထက်)က ဆွေးနွေးမည့်စာရေးဆရာများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်လွင်က 'ကျန်းမာသန့်ရှင်း ရောဂါကင်း'၊ မောင်သန်းရွှေ(ဒဂုံ)က 'လပြည့်နေ့ ဆောင်းပါးများ' ကို ဆွေးနွေးဟောပြောကြသည်။ **(က–ပ)**

ရန်ကုန်မြောက်ပိုင်းခရိုင် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၅–၂၀၀၆ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၆ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအနီးရှိ လယ်သမားကြီး ဦးမြင့်ဦး၏ လယ်မြေ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ခရိုင်အတွင်း မြို့နယ်များအလိုက် မိုးစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲစတင်

ယင်းနောက် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ အမှတ်ပေးဒိုင်ချုပ် ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးမှူး ဦးမြမောင်က ပြိုင်ပွဲစည်းကမ်းများနှင့် အမှတ်ပေးစနစ်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုစတင်ကျင်းပသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းများ၏ စပါးအတန်းလိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲဝင်နေမှုများကိုကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုဆုငွေပေးအပ်

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအစီအစဉ်ကို ကျင်းပရာ Steel Stone ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးသန်းလွင်က ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အသင်းများအား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကို ပေးအပ်ချီးမြှင့်ရာ ပြိုင်ပွဲဝင်အသင်းများကိုယ်စား မင်္ဂလာဒုံမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဇော်လင်းက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက ပြိုင်ပွဲ၌ ဒုတိယဆုရရှိသည့် လှည်းကူးမြို့နယ်၊ တတိယဆုရရှိသည့် တိုက်ကြီးမြို့နယ်နှင့် အထူးဆုများရရှိကြသော မြို့နယ်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မှော်ဘီမြို့နယ်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် အခမ်းအနားတွင် ပြသထားသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက တောင်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် မွမ်းမံပြင်ဆင်ထုတ်လုပ်လိုက်သည့် မြင်းကောင်ရေ(၁၆)ကောင်အားရှိ လယ်ယာ(၁၆) လက်တွန်းထွန်စက်(ပုံစံသစ်)ကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မိုးစပါး ပန်းတိုင်အထွက်နှုန်း နည်းပညာပြခန်း၌ ပြသထားသော ပန်းတိုင်အထွက်နှုန်းစပါးမျိုးများ၊ ပန်းတိုင် အထွက်နှုန်းရရှိရန် မြေပြုပြင်ဆောင်ရွက်ရမည့်အချက်များ၊ ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်နှင့် သဘာဝမြေဆွေး သုံးအိတ် ရောစပ်အသုံးပြုရေးနှင့်"အီးအမ်ဘိုကာရှီ"မြေဆွေးပုံပြုလုပ်ခြင်းနည်းစနစ်များ၊ ဆင်းသွယ်လတ်စပါးမျိုးကို ပျိုးသက်ငယ်ဖြင့် ကောက်ကွက်လက်ဆစမ်းသပ်ထားမှုများ၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အီးအမ်ဘိုကာရှီ အသုံးပြုစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်သော စပါးမျိုးများဖြင့် အထွက်နှုန်း ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားမှုကို လည်းကောင်း ကြည့်ရှုအားပေးရာ စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းတင်နှင့် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းတို့က လိုက်လံရှင်းလင်းပြသကြသည်။

ငါးမျိုးစိုက်ထည့်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် အဆိုပါ လယ်မြေအတွင်း ငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသော စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး စပါးခင်းများအတွင်း ငါးမျိုးများကို စိုက်ထည့်ပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စပါးခင်းများအတွင်းသို့ ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်အနေဖြင့် မိုးစပါး၃၇၅၄၄၉ဧကေ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယနေ့အထိ ၂၈၇၁၂၈ဧကေ စိုက်ပျိုးပြီးစီးပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၇၆ ဒသမ ၄၈ ရာခိုင်နှုန်း စိုက်ပျိုးပြီး ဖြစ်ကြောင်းနှင့် ရေတော်မိုးတော်မိုးစပါး ၂၃၁၆၉၅ ဧကေ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ အပြည့်အဝ စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၁၂ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်း ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်စန်းမြင့် အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် ကျပ် ၄၅ သိန်း အကုန်အကျခံတည်ဆောက်၊ နေ့စဉ်နှစ်ကြိမ် လျှပ်စစ်ဓာတ်အားဖြန့်ဝေပေး

ရန်ကုန် ဇူလိုင် ၂၉

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စု ထီးလှိုင်ကျေးရွာ ဇီဝဓာတ်ငွေ့ သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက် ညနေ ၅ နာရီက အဆိုပါကျေးရွာ အမှတ်(၇၉) အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်တင့်နှင့် ထီးလှိုင်ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အကျိုးရှိရှိအသုံးပြုရန်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားစက်ရုံအား မီးခလုတ်နှိပ် မီးလင်းပေးကာ**(အပေါ်ပုံ)** စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ထီးလှိုင်ကျေးရွာအနေဖြင့် ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှု၊ ကျောက်ဆည် နည်းပညာကောလိပ်မှ နည်းပညာပံ့ပိုးမှု၊ ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့၍ ယခု လက်တွေ့အကျိုးခံစားရပြီဖြစ်ကြောင်း၊ စွန့်ပစ်နွားချေးများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးပြုသွားကြရန် မှာကြားသည်။

အကုန်အကျခံ

ထီးလှိုင်ကျေးရွာဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စက်ပစ္စည်း ဆယ်သိန်းဖိုး မတည်ပေးခဲ့ပြီး ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် ၃၅ သိန်း စုစုပေါင်း ငွေကျပ် ၄၅ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဝေပေး

ယခုအခါ အဆိုပါ ဓာတ်အားပေးစက်ရုံမှ လမ်းမီးနှစ်ပေမီးချောင်း ၅၆ချောင်း၊ အိမ်ထောင်စုသုံး နှစ်ပေမီးချောင်း ၂၀၀၊ ဘုရား၊ ကျောင်းမီး နှစ်ပေမီးချောင်း ၂၂ချောင်း စုစုပေါင်း မီးချောင်း ၂၇၈ချောင်းအား နေ့စဉ် ည ၆နာရီမှ ည ၉ နာရီခွဲနှင့် နံနက် ၄ နာရီမှ နံနက် ၆ နာရီအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

ဤသို့ အဖျက်အမှောင့်နည်းဖြင့် တည်ဆဲအစိုးရ ပြုတ်ကျအောင်ဖန်တီးရေးပင် ဖြစ်သည်ဆိုသည်ကိုလည်း အထင်အရှားပေါ်လွင်နေပြီဖြစ်ကြောင်း။

အထူးလိုအပ်

ထို့ကြောင့် ယနေ့အချိန်အခါကဲ့သို့ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်နေသည့် အပြုသဘော စွမ်းအားစုများ အနေဖြင့် အဖျက်အုပ်စုများ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရေး၊ ပြည်ထောင်စုကြီးပြိုကွဲရေး၊ တိုင်းတစ်ပါးသြဇာခံဖြစ်ရေး အဖျက်လုပ်ငန်းများနှင့် ရင်ဆိုင်အားပြိုင်နေရသည့် အခြေအနေအချိန်အခါတွင် မိမိတို့ဘက်ကလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အမျိုးသားရေးအင်အားစုများ၏ ပေါင်းစည်းညီညွတ်သည့် အားမာန်၊ စုစည်းညီညာသည့် အပြုသဘောစွမ်းအားတို့ကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင်၊ ပိုမိုထက်မြက်သည်ထက် ထက်မြက်အောင် ညီညီညွတ်ညွတ် အားထုတ်ဆောင်ရွက်သွားကြရန် အထူးလိုအပ်နေပြီဟု ပြောကြားလိုကြောင်း။

ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် လူငယ်လူရွယ်များအပါအဝင် ပြည်သူတစ်ရပ်လုံး၏ အသိအမြင်ဗဟုသုတကြွယ်ဝမှု၊ နိုင်ငံတကာအမြင်ရှိမှု၊ ခေတ်မီသိပ္ပံနှင့်နည်းပညာများတတ်ကျွမ်းမှုနှင့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်မြင့်မားမှုစွမ်းအားတို့ဖြင့်သာ အမျိုးသားရေးကိုယ်ခံစွမ်းအားကို ထက်မြက်ခိုင်မာစေပြီး တိုင်းတစ်ပါး၏ စွက်ဖက်နှောင့်ယှက်မှု၊ ဖိအားပေးအကျပ်ကိုင်မှု၊ သွေးဆောင်ဖြားယောင်းမှု၊ သွေးထိုးမြှောက်ပင့်မှုတို့ကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ရင်ဆိုင်တွန်းလှန်နိုင်မည်ဖြစ်ကြောင်း။

ဤသို့ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ပိုင်းဖြတ်ပေးနေသည့် အမျိုးသားရေးကိုယ်ခံစွမ်းအားများကို ပညာရေးကဏ္ဍက ဖန်တီးဖော်ဆောင်ပေးကြရမည်ဖြစ်သည်ဆိုသည်ကိုလည်း တက္ကသိုလ်၊ကောလိပ်ဆရာဆရာမများ သိမြင်ခံယူထားပြီးဖြစ်သည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် ယနေ့အချိန်အခါတွင် သမားရိုးကျပညာရေးစနစ်သည် ခေတ်နှင့် အံမဝင်တော့ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ယှဉ်တွဲဖော်ဆောင်ပေးနိုင်မည့် ပညာရေးစနစ်ဖြစ်ရန် အခြေအနေအချိန်အခါက တောင်းဆိုနေသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများကို ချမှတ်ကြိုးပမ်းဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

ယနေ့ ပညာရေးစနစ် အောင်မြင်ပြည့်မြောက်သည်နှင့်အမျှ ကျောင်းသူကျောင်းသား လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးကို နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးရေး၊ နိုင်ငံတကာအဆင့်မီရေးနှင့် အခြေအနေအချိန်အခါအရပ်ရပ်တွင် အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေးဆိုသည့် စွမ်းဆောင်ရည်များနှင့် ပြည့်ဝစေမည်ဖြစ်ကြောင်း။

ယင်းရည်မှန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် အမြဲမပြတ်ပြောင်းလဲနေသည့် အခြေအနေအချိန်အခါတိုင်းတွင် ကြုံတွေ့ရမည့်စိန်ခေါ်မှု အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်ရမည့်အပြင် အချိန်အခါအရ ဖြစ်ပေါ်လာမည့် သီးခြားလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေမည့်၊ အံဝင်ခွင်ကျအသုံးပြုနိုင်မည့် ခေတ်မီနည်းပညာရပ်များ၊ ကျွမ်းကျင်မှုများ၊ အရည်အသွေးများကို ပြုစုပျိုးထောင်ပေးနိုင်သည့် အမြဲရှင်သန်နေသော ပညာရေးစနစ်ကိုကြိုးပမ်းတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ဖြည့်ဆည်းပေးရေး

ထို့ကြောင့် ယနေ့ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်သည် လူငယ်လူရွယ်များအပါအဝင် ပြည်သူအများကို နိုင်ငံတကာနှင့်ယှဉ်ပြီး တွေးခေါ်မြော်မြင်သုံးသပ်နိုင်စေရန်၊ တစ်ချိန်တည်းမှာပင် အခြေအနေအချိန်အခါအရပ်ရပ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားနှင့် အမျိုးသားရေးစရိုက်လက္ခဏာ၊ အမျိုးသားယဉ်ကျေးမှု၊ လူမှုရေးတန်ဖိုးထားမှုများကို မျက်ခြည်ပြတ်မခံဘဲ စောင့်ရှောက်မြှင့်တင်နိုင်စေရန် လိုအပ်သည့်စိတ်ဓာတ်နှင့် အရည်အသွေးများကို အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ ဖော်ဆောင်ဖြည့်ဆည်းပေးရေးပင် ဖြစ်သည်ဟုပြောကြားလိုကြောင်း။

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အနေဖြင့်လည်း နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ အမျိုးသားရေး လိုအပ်ချက်များ နှင့်အညီ မိမိတို့ ထမ်းဆောင်ရမည့် အမျိုးသားပညာရည် မြင့်မားရေး တာဝန်ဝတ္တရားများနှင့် ယှဉ်တွဲပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမဏ္ဍိုင်များ ပိုမို ကြံ့ခိုင်တည်တံ့စေရအောင် ကြိုးပမ်းတည်ဆောက်ပေး။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၇)သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ယနေ့အချိန်အခါသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ခိုင်မာသော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ ရပ်တည်နိုင်ရေး၊ ပြည်ထောင်စုကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲရေးတို့ကို မျှော်မှန်းပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် အဆင့်ဆင့်ပုံဖော်တည်ဆောက်လျက်ရှိသည့် နိုင်ငံတော်တည်ဆောက်ရေးကာလဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အဆင့်အလိုက် အောင်မြင်ပြည့်မြောက်ရေးသည် ပြည်သူများ၏ အသိဖြင့်ယှဉ်သော ပူးပေါင်းပါဝင် ထောက်ကူပေးမှုလိုအပ်ကြောင်း။

စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီသည် နိုင်ငံသူနိုင်ငံသား တစ်ဦးချင်း၏ ဥပဒေ၊ စည်းကမ်းလေးစားလိုက်နာမှု၊ လူမှုကျင့်ဝတ်စောင့်စည်း ထိန်းသိမ်းမှုကျင့်စဉ်များအပေါ် အခြေခံရမည့်အပြင် ပြည်သူများ၏ အသိဉာဏ်ဖြင့်ယှဉ်သော လွတ်လပ်စွာရွေးချယ်မှုဖြင့်သာ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

တည်ဆောက်ပေး

ဤအခြေခံအရည်အသွေးများ ပြည့်စုံရေးသည်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများတည်ငြိမ်ခိုင်ခန့်စွာ ဖြစ်ထွန်းနေမှု၊ အမျိုးသားပညာရည်မြင့်မားမှုဆိုသည့် အခြေခံများအပေါ်၌ တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း။

ယင်းအခြေခံလိုအပ်ချက်များသည် စနစ်တကျ ပြုစုပျိုးထောင်ပေးမှုဖြင့်သာ ဖြစ်ထွန်းလာမည်ဖြစ်ပြီး နေ့ချင်းညချင်း ဖန်ဆင်းယူ၍ မရနိုင်သည်ကိုလည်း နားလည်သဘောပေါက်ကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဤအမျိုးသားရေးလိုအပ်ချက်များ အခြေခံများအကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရန် တစ်မျိုးသားလုံးက တက်ညီလက်ညီ လက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ ယင်းသို့ကြိုးပမ်းဆောင်ရွက်နိုင်မည့် အရည်အသွေးနှင့် စွမ်းဆောင်ရည်တို့ကို ပညာရေးကဏ္ဍက ဖြည့်ဆည်းပေးကြရမည် ဖြစ်သည်ဟုပြောကြားလိုကြောင်း။

ရင်ဆိုင်တွန်းလှန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် သမိုင်းအဆက်ဆက်တွင် တင့်တင့်တယ်တယ်ရပ်တည်လာခဲ့ရာက ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုခံခဲ့ရချိန်ကစ၍ ယနေ့ထက်တိုင် အလွန်ကြမ်းတမ်းခက်ခဲသည့် သမိုင်းကြောင်းကို ဖြတ်သန်းခဲ့ရသည်ဆိုသည်ကို မေ့မရနိုင်သော သမိုင်း၏ အမွေဆိုးများပင်ဖြစ်ကြောင်း၊ ယနေ့ထက်တိုင်အောင်လည်း ကိုလိုနီနယ်ချဲ့လက်သစ်များ၏ စွက်ဖက်နှောင့်ယှက်မှုများကို ရင်ဆိုင်တွန်းလှန်နေရဆဲပင် ဖြစ်ကြောင်း။

သို့သော်လည်း သမိုင်းခေတ်အဆက်ဆက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားနှင့် ပြည်ထောင်စုကြီးပြိုကွဲမသွားစေရအောင် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားဖြတ်သန်းခဲ့သည့်နည်းတူ ယခုအခါတွင်လည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် လက်တွဲပြီး မိမိနိုင်ငံ မိမိတည်ဆောက်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ မည်သို့ပင် နှောင့်ယှက်စွက်ဖက်ဟန့်တားသည်ဖြစ်စေ အမျိုးသားရေးစွမ်းအား(၃)ရပ်ကိုအခြေခံပြီး တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဤသို့ အောင်မြင်တိုးတက်မှု အခြေခံကောင်းများဖြစ်ထွန်းပြီး အမျိုးသားရေးမျှော်မှန်းချက်ပန်းတိုင်နှင့် နီးကပ်လာသည်နှင့်အမျှ ဆန့်ကျင်ဟန့်တားနှောင့်ယှက်မှု အဖျက်အမှောင့်လုပ်ငန်းများသည်လည်း ပိုမိုအရှိန်မြှင့်လုပ်ဆောင်လာမှာ ဓမ္မတာပင်ဖြစ်သည့်အတွက် အပြုသဘောစွမ်းအားစုများ၏ စွမ်းပကားကို ထပ်ဆင့်မြှင့်တင်ပြီး မပြတ်သောအမျိုးသားရေးသတိဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကြိုးပမ်းတည်ဆောက်

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအနေဖြင့်လည်း နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ အမျိုးသားရေးလိုအပ်ချက်များနှင့်အညီ မိမိတို့ ထမ်းဆောင်ရမည့် အမျိုးသားပညာရည်မြင့်မားရေး တာဝန်ဝတ္တရားများနှင့် ယှဉ်တွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမဏ္ဍိုင်များ ပိုမိုကြံ့ခိုင်တည်တံ့စေရအောင် ကြိုးပမ်းတည်ဆောက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံ ပီသစွာဖြင့် နိုင်ငံတကာ့အလယ်၌ တင့်တင့် တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရအောင် အမျိုးသားပညာရည်မြင့်မားမှုကို အခြေခံပြီး ကြိုးပမ်းတည်ဆောက်ပေးကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။**

ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(ဒီ–၆) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ်(ပြည်)မှ ကထိက ဦးတက်ထွန်းထွန်းအားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ် (အေ–၆၃) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်တက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ငြိမ်းသီတာအားလည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသားအမှတ်(ဒီ–၁၂၈) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမကောလိပ်(ဖောင်ကြီး)မှ လက်ထောက်ကထိက ဦးကြီးမြင့်၊ သင်တန်းသူအမှတ်(အေ–၁၄၀) ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်မှ ကထိက ဒေါ်သက်သက်နိုင်နှင့် သင်တန်းသူအမှတ် (ဘီ–၁၁၂) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်မှ နည်းပြ ဒေါ်ဇင်ဇင်ဝင်းတို့အားလည်းကောင်း ပေးအပ်သည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စံပြအဆောင်ဆုကို အမျိုးသမီးတပ်ခွဲ(၂) အဆောင်(၂)မှ သင်တန်းသူများအားလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများက လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော် တိုးချဲ့မွမ်းမံ တည်ဆောက်ရေးအတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံကို ဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ဖောင်ကြီးအခြေခံပညာအထက်တန်းကျောင်းနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် မူလတန်းကြိုကျောင်းတို့အတွက် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၃၉၇၃၅၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၅ (စနေနေ့)

၇:၀၀ MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ အထွက်ကောင်း၊ အရည်အသွေးကောင်း မှော်ဘီ(၃) စပါးမျိုးသစ်
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ ပြည်တွင်းသတင်းအကျဉ်း
၇:၃၀ ၂၀၀၅ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲအပိုင်း(၁)
၈:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၂၅ တေးဂီတအစီအစဉ်
၈:၃၀ ကင်ဆာရောဂါသတိပြုစရာ
၈:၅၀ ပြည်တွင်း သတင်းအကျဉ်း
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ လက်ဆင့်ကမ်းဝေဂီတအမွေ
၉:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅ စိမ်းနေဦးမည့်တို့မြန်ပြည်
၉:၄၅ တေးဂီတအစီအစဉ်
၉:၅၀ ဝယ်ချင်စရာမျိုးစုံစွာ
၁၀:၀၀ မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ အလွမ်းချိုချို (မျိုးစန္ဒီကျော်၊ ရန်ပိုင်စိုး)
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်သိမ့်ဆွေးနွေးအကြံပေးသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့က ဖွင့်လှစ်သည့်နှစ်သိမ့်ဆွေးနွေး အကြံပေး သင်တန်းဆင်းပွဲကို ယမန်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ယင်းနောက် သင်တန်းဆင်း အစီရင်ခံစာကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် သင်တန်းမှူး ဒေါ်ထူးရော်က ဖတ်ကြားတင်ပြသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ဆက်လက်၍ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေးက သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသူများကိုယ်စား လုပ်ငန်းအဖွဲ့ခွဲ လေးခုမှ အဖွဲ့ခွဲခေါင်းဆောင်များက လက်ခံကြသည်။ ယင်းနောက် သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၆ ရက်မှ ၂၈ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခဌာနမှူးက ဦးဆောင်၍ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနနှင့် ရန်ကုန်အဝေးသင်တက္ကသိုလ် စိတ်ပညာဌာနတို့မှ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခများက ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြသည်။

တက်ရောက်

သင်တန်းသို့ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲနှင့်အမျိုးသမီးငယ်/ရွယ်လုပ်ငန်း အဖွဲ့ခွဲတို့မှ အဖွဲ့ခွဲခေါင်းဆောင်များနှင့် အဖွဲ့ဝင် စုစုပေါင်း ၂၆ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယ အာသံပြည်နယ်သို့ သက်န်းများလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၉

အိန္ဒိယနိုင်ငံ အာသံပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ပေါင်း၁၀၀ကျော်ရှိ သံဃာတော်များအား အာသံပြည်နယ် သာသနာပြု ဆရာတော် ဦးအဂ္ဂမေဓက ဦးစီး၍ သင်္ကန်းအစုံ ၂၅၀ လှူဒါန်းမည်ဖြစ်ရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့် ပြည်ပသာသနာပြုဌာနခွဲ ဖုန်း-၆၆၅၄၉၁၊ သာသနာပြု ဦးခွန်ဝင်းလှိုင် ဗဟိုတရားရုံးချုပ်ရှေ့နေ ဖုန်း-၂၈၁၄၀၀၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဦးစိန်သာဗလ ဖုန်း-၂၅၆၆၈၄တို့သို့ စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၉

လယ်သမားများ လုပ်ငန်းခွင်ဝင်ချိန်ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သော အသိပညာ၊ ဗဟုသုတများပေးနိုင်ရန် ဒို့ကျေးရွာ ဂျာနယ်မှ အားထုတ်ကြိုးပမ်း၍ အတွဲ (၂)၊ အမှတ် (၁၅) ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာ ဂျာနယ်တွင် လုပစ္စွဲမက်စရာ မြန်မာ့ရွှေချည်ထိုး လက်ရာ၊ ဆေးဖက်ဝင် ငါးရံ့ပတူ၊ ကျွဲမွေးမြူရေး၊ သဘာဝနှင့် ဇီဝဓာတ်မြေသြဇာသုံးစွဲပါ၊ မြေထုပ်စည်းမျိုးပွားနည်း၊ သြဂုတ်မြေပဲ (ခ) မိုးမြေပဲကို အချိန်မီစိုက်ပျိုးကြပါ၊ သွေးချိုဆီးချိုရောဂါဆို တိုင်းရင်းဆေးကအားထားရစနစ်မှန် သွားတိုက်နည်း ဆိုသည်မှာ မိုးတွင်းနှင့်မိုးကုန်ဖြစ်တတ်သည့် ရောဂါများအတွက် သတိပေးချက်များ၊ ဖိုးထောင်၊ အမဲလိုက်သိမ်းငှက်စသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ဗဟုသုတနှင့် ဝတ္ထုပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာများကို စာရှုသူတို့ ဝေဆာစွာ ဖတ်ရှုလေ့လာနိုင်ရန် ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်၃၀-၃၂၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၂၊၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပြီး နယ်မှ စာမူများကို ပြည်နယ်၊ တိုင်း၊ ခရိုင် မြို့နယ် အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများမှ တစ်ဆင့် ဆက်သွယ် ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ ဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ခုနှစ် ဇူလိုင်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) (၃၁-၇-၂၀၀၅)ရက်နေ့

၂၀၀၅ခုနှစ် ဩဂုတ်လအတွက်

(၁၄-၈-၂၀၀၅)ရက်နေ့

နှင့်

(၂၈-၈-၂၀၀၅)ရက်နေ့

မွေးစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ခြယ်လမ်း၊ အမှတ် ၂၂နေ (ဦးသက်ညွန့်)(စက်မှု-၁၊ငြိမ်း)-ဒေါ်တင်တင်အေး(အထက-၂၊ဗဟန်း) တို့၏တစ်ဦးတည်းသောသား

မောင်ဖြိုးဝေညွန့် B.A (Painting)Y.U.C

(မြန်မာ့ဆိုင်ကမ်းအာဏာပိုင်) နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ ၇လမ်းနေ ဦးတင်ဦး-ဒေါ်အေးငွေတို့၏ တစ်ဦးတည်းသောသမီး

မသက်ဖြူဝင်း

B.A (Painting)Y.U.C, B.A(English)
Star Art & Eng. Language Centre

တို့သည် ၂၀-၇-၂၀၀၅ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဖြိုးဝေညွန့်-မသက်ဖြူဝင်း။

ဖြိုးဝေယံကျော် (ဖူးဖူး) အတွက် မွေးနေ့ဆုတောင်း

တစ်ဦးတည်းသောချစ်သားလေး ဖြိုးဝေယံကျော် တတိယတန်း (B) T.T.C၏ ၃၀-၇-၂၀၀၅ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ကျန်းမာချမ်းသာပြည့်စုံပြီး ချစ်သားလေး၏ လိုအင်ဆန္ဒများပြည့်ဝပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေ။

ချစ်သော - ဘိုးဘိုး၊ ဘွားဘွား
ချစ်သော - ဦးဦး၊ ဒေါ်ဒေါ်
ချစ်ပါးပါး - ဦးဝင်းကျော်(ဦးချောင်း)
ချစ်မားမား - ဒေါ်မိုးမိုးလွင် (3D စတိုး၊ ကော့သောင်း)
ချစ်မမ - မြချိုချိုလွင်
ချစ်ညီမလေး - မြတ်နိုးသီရိကျော် (KG-A, T.T.C)



မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန် ခေါ်ယူနေပါသည်

ရွှေအင်း၀ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော Today Top Star Co.,Ltd. ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းမှ မလေးရှားနိုင်ငံအတွက် အောက်ပါလုပ်သားများ လိုအပ်လျက်ရှိပါသည်။

1. Son Key Funiture(M)SDN.BHD (ပရိဘောဂစက်ရုံ)

အထွေထွေလုပ်သား **ကျား (၅၀) ဦး**
အသက် - (၁၈-၂၅)နှစ်အတွင်း
အလုပ်လုပ်ရက် - (၁)ပတ်(၆)ရက်
လစာ(တစ်လ) - အနည်းဆုံး(၇၅၀)ရင်းဂစ်ရရှိနိုင်မည် (အချိန်ပိုအပါအဝင်)

2. တောင်ပေါ်အပန်းဖြေစခန်း အဆင့်မြင့်ဟိုတယ်ဝန်ထမ်း

(Cho Young SDN.BHD) **ကျား (၁၅) ဦး**
အသက် - (၁၈-၂၅)နှစ်အတွင်း၊ အင်္ဂလိပ်စကားပြောနိုင်ရမည်။
အလုပ်လုပ်ရက် - (၁)ပတ်(၇)ရက်
လစာ(တစ်လ) - (၈၅၀)ရင်းဂစ် ရရှိနိုင်မည်။ တစ်ရက်လျှင် အခမဲ့(၃)နပ်ကျွေးမည်။

3. MSI Venture SDN.BHD.(Metal Engineering)

အထွေထွေလုပ်သား **ကျား (၂၀) ဦး**
အသက် - (၁၈-၃၂)နှစ်အတွင်း၊ ပညာအရည်အချင်းမကန့်သတ်ပါ။
အလုပ်လုပ်ရက် - (၁)ပတ် (၆)ရက်
လစာ(တစ်ရက်) - ၂၅ ရင်းဂစ်ရရှိနိုင်မည်။ အချိန်ပို-တစ်လ(၇၀)နာရီ

4. Aple Pallet Trading (အထပ်သားစက်ရုံ)

ထုတ်လုပ်ရေးလုပ်သား **ကျား (၁၀) ဦး**
အသက် - (၁၈-၃၂)နှစ်အတွင်း၊ ပညာအရည်အချင်းမကန့်သတ်ပါ။
အလုပ်လုပ်ရက် - (၁)ပတ်(၆)ရက်
လစာ(တစ်ရက်) - ၂၁ရင်းဂစ် ရရှိနိုင်မည်။ အချိန်ပို-တစ်လ(၇၀)နာရီ

1,2,3,4 နေရာအားလုံးအတွက် - နေစရာ၊ ရေ၊ မီး၊ အခမဲ့စီစဉ်ပေးမည်။

နိုင်ငံကူးလက်မှတ်မရှိသေးသူများအတွက် စီစဉ်ပေးမည်။ ဝန်ဆောင်ခမှာ ကျပ်ခြောက်သိန်းခွဲဖြစ်၍ သုံးရစ်ခွဲ၍ ပေးသွင်းရမည်။ နိုင်ငံကူးလက်မှတ်ရှိပြီးသူများ တစ်လခန့်အတွင်း ထွက်ခွာရမည်။

Today Top Star Co.,Ltd.
ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း
တတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းမီးပွိုင့်၊
ကမာရွတ်သို့ လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း-၅၀၀၅၄၇၊ ၅၀၀၅၄၈၊ ၅၃၄၇၂၁။

ပေါက်ခေါင်းမြို့နယ် ခရိုင်ချင်းဆက်လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်ကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၂၂

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၅ရက် နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ခရိုင်ချင်းဆက်လမ်းတစ်လျှောက် မိုင်တိုင် ၀/၀ မှ ၀/၇ အထိ လမ်းဘေး ဝဲယာ တစ်လျှောက်တွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေး၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ပေါက်ခေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ပေါက်ခေါင်းမြို့ နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူ အင်အား ၆၀၀ခန့်သည် ကျွန်းနှင့် အခြားအရိပ်ရပင် သစ်မျိုး ပျိုးပင်ပေါင်း ၂၆၀၀၀ကို စုပေါင်း စိုက်ပျိုးပြီး ကြောင်း သိရသည်။ **(အောက်ပုံ)** **(သစ်တောဦးစီးဌာန)**

ဝေါမြို့ ကြံ့တုနောင်တော်ကြီးစေတီ ထီးတော်သစ်တင်လှူရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ဝေါ ဇူလိုင် ၂၆

ဝေါမြို့ ကြံ့တုနောင်တော်ကြီးစေတီ ထီးတော်သစ်တင်လှူရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၃ရက်နံနက် ၁၀နာရီက ဝေါမြို့ ကြံ့တုနောင်တော်ကြီးစေတီ အာရုံခံတန်ဆောင်း၌ ကျင်းပရာ မြို့နယ်သြဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ထီးတော်သစ် တင်လှူရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာချီးမြှင့်

အခမ်းအနားတွင် စေတနာရှင် အလှူရှင်များက အလှူငွေ စုစုပေါင်း ငွေကျပ် ၁၁၃သိန်းကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** သက်ဆိုင်ရာ တာဝန်ရှိသူများက အလှူငွေများကို လက်ခံရယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ထီးတော်သစ်တင်လှူရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မြို့နယ်သြဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဂေါပက အဖွဲ့ဝင်များ၊ ထီးတော်သစ်တင်လှူရေး အကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အင်ဂျင်နီယာများ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါစေတီ ထီးတော်သစ်တင်လှူရေးအတွက် ဆက်သွယ်လှူဒါန်းလိုသူများသည် ဝေါမြို့ ကြံ့တုစေတီတော်ဂေါပက အဖွဲ့ ဖုန်း-၀၅၂-၂၄၂၀၀၊ ၀၅၂-၂၂၆၇၄၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၁၇၃၈၊ မန္တလေးမြို့ ဖုန်း-၀၂-၃၃၇၉၉၊၀၂-၆၆၂၈၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပြင်ဦးလွင် လူမှုရေးအကျိုးဆောင်အဖွဲ့သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၂၈

ပြင်ဦးလွင်မြို့နယ်နှင့် ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသော မြေစာရင်းဦးစီးဌာန အငြိမ်းစား ဦးခင်မောင် မိသားစုက ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာ လူမှုရေးအကျိုးဆောင်အဖွဲ့သို့တတိယ အကြိမ်မြောက် အလှူငွေကျပ်တစ်သိန်းကို ဇူလိုင် ၂၅ရက် မွန်းလွဲ ၁နာရီက ပြင်ဦးလွင် နေအိမ်၌ ကျင်းပရာ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစောရီ (ရတနာမြင့်ဆန်စက်)၊ အတွင်းရေးမှူး ဦးချစ်ဆွေ (ပြင်ဦးလွင်ချစ်ဆွေ)နှင့် ဘဏ္ဍာရေးမှူး ဦးလှညွှန့်တို့က လက်ခံရယူကြသည်။ **(ဝဲပုံ)** ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာ လူမှုရေး အကျိုးဆောင်အဖွဲ့သည် ချို့တဲ့သူများ၏ နာရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

တန့်ယန်းမြို့၌ ကျေးရွာလှုပရေး အုတ်တံတိုင်းကာရံ

တန့်ယန်း ဇူလိုင် ၅

တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မန်ကတ်ကျေးရွာအဝင် လမ်းတစ်လျှောက် သာယာလှပရေးအတွက် နေအိမ်များ အုတ်တံတိုင်း ကာရံခြင်းလုပ်ငန်းကို ဇွန် ၁၅ ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံရွှေအောင်၊ အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုင်းနုတို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ယာပုံ)** **(မြို့နယ် စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျိုင်းတုံမြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် လမ်းဘေး ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၁၈ ရက်က ဒုတိယဦးစီးမှူးဦးခင်မောင်သန်းနှင့် ဝန်ထမ်းများ မြို့မဈေးပတ်လည် ရေနုတ်မြောင်း တူးဖော်မှုကို အမှုဆောင်အရာရှိ ဦးခင်ကျော် ကြီးကြပ်စစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက် ရှိသော ကျေးရွာချင်းဆက် နာနတ်တော-လင်ဖုံ အောက် ဂဝံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

ပုလဲမြို့နယ်၌ လူငယ်စွမ်းအားစာကြည့်တိုက်ဖွင့်

ပုလဲ ဇူလိုင် ၂၀

ပုလဲမြို့နယ် ကန်ဒေါင့်အုပ်စု ကံရိုးကျေးရွာတွင် လူငယ်စွမ်းအား စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ မင်းတိုင်ပင်ဒေသ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခွဲ ဒုတိယဦးစီးမှူး ဦးတင့်ဆွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးရာတင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယ ဦးစီးမှူး ဦးတင့်ဆွေက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ရေး အတွက် ဆောင်ရွက်ရမည့် အစီအမံများရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်မှူးဦးမြင့်ဇော်က စာအုပ်၊ စာစောင် မျိုးစုံအုပ် ၅၀ ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

အလားတူပင် အောင်ချမ်းသာကျေးရွာတွင် အောင်ချမ်းသာ စာကြည့်တိုက်၊ ကြောင်ဝင်ဒူးကျေးရွာတွင် ဇမ္ဗူအေး စာကြည့်တိုက်နှင့် သာစည်ကျေးရွာတွင် ရွှေသာစည် စာကြည့်တိုက်တို့ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အုတ်ရေ ကြည်ရေလှောင်ဆည် နတ်တလင်းမြို့နယ်၌ ဖွင့်လှစ် မိုးစပါးဧက ငါးထောင်ကျော်အတွက် အကျိုးပြုနိုင်မည်

နတ်တလင်း ဇူလိုင် ၂၆

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)တိုင်းခွဲ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းသည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးဖေသန့်လိုက်ပါလျက် တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် အတူ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက နတ်တလင်းမြို့နယ်တောင်ညိုချောင်းကိုဖြတ်၍ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့သော အကျယ် ပေ ၅၀၊ အရှည် ပေ ၄၀၊ အမြင့် ၁၈ပေရှိ အုတ်ရေကြည်ရေလှောင်ဆည်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းခွဲသည် ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါး ၁၂ သိန်းစိုက်ပျိုးမည်ဖြစ်ရာ အဆိုပါ စိုက်ပျိုးမှုကို နတ်တလင်းမြို့နယ် အနေဖြင့် ၁၂၆၆၀၇ ဧက စိုက်ပျိုးမည် ဖြစ်ပြီး ရေလှောင်ဆည်ကြောင့် မိုးစပါးဧက ၅၀၀၀ကျော် စိုက်ပျိုးမှုအပေါ်အကျိုးပြု မည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရေကြီးရေနစ်ကွင်းများတွင် စိုက်ပျိုးမြေဧကပေါ်ပေါက်ရေးအတွက် ဂူကြီးချောင်းအား စက်ယန္တရားများဖြင့် တူးဖော်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ညီလာခံအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း

ဂန့်ဂေါ ဇူလိုင် ၁၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) အတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင် ၁၀ရက် နံနက်က ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံရှင်းလင်း

အခမ်းအနားတွင် ဂန့်ဂေါခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) အတွေ့အကြုံကို ထပ်ဆင့် ရှင်းလင်းသည်။

(ယာပုံ)

ဆွေးနွေးဖြည့်ဆည်း

ထို့နောက်ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးမင်းလွင်(ငြိမ်း)၊ မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ဖြည့်ဆည်းပေးကြောင်း သိရသည်။

(၄၆၅)

အမြို့မြို့ အနယ်နယ် သတင်းများ

ဇူလိုင် ၁၈ ရက်က တိုက်ကြီးမြို့ဝင်ဆိုင်းဘုတ် မြေယာရှုခင်းအလှကို ဒုတိယဦးစီးမှူးဦးစိုးတင့်နှင့် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများပြုပြင် ထိန်းသိမ်းမွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ရာ၌ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့ အမှတ်(၃)နယ်မြေ မဟာသိမ်တော်ကြီးလမ်း ဇေယျဝံသပရိယတ္တိစာသင်တိုက် အတွင်းရှိ ကရုဏာ လူမှုကူညီရေးအသင်း ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို အမှတ်(၅)နယ်မြေ ဖက်တန်းလမ်းနေ ဦးအေးကျော်-ဒေါ်ခင်အေးမူ (အနန္တဂုဏ်ရည်သစ်ခွဲစက်) မိသားစုက ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ချောက်မြို့နယ်ခေတ်မြင့်ကွင်းကျေးရွာစာကြည့်တိုက် (၆)နှစ်မြောက်အထိမ်းအမှတ်ဟောပြောပွဲကျင်းပ

ချောက် ဇူလိုင် ၁၆

ချောက်မြို့ စွယ်ပေါက်ကုံးကျေးရွာအုပ်စု ထန်းခြောက်ပင်ကျေးရွာတွင် ခေတ်မြင့်ကွင်းစာကြည့်တိုက် (၆)နှစ်မြောက် အထိမ်းအမှတ် ဟောပြောပွဲနှင့် ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက် ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ ရွာဦးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ နာယကဆရာတော် ဦးဇဝနနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းက စာကြည့်တိုက်သမိုင်းနှင့် စာကြည့်တိုက်မှရရှိလာသော အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က အလှူငွေများကို ပေးအပ်ရာ စာကြည့်တိုက်တာဝန်ခံ ဦးအုန်းကြိုင်က လက်ခံရယူသည်။

အဆိုပါဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်အား ရန်ကုန်မြို့နေ မန်းတက္ကသိုလ် ဆရာဒိုး- ဇနီး ဒေါ်ခင်စန်းစန်းတို့က လှူဒါန်းရာ အလှူရှင်ကိုယ်စား ညီဖြစ်သူ ဦးသန်းအောင်က စာကြည့်တိုက်တာဝန်ခံ ဦးအုန်းကြိုင်သို့ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

အုတ်ဖိုမြို့နယ်တွင် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

အုတ်ဖို ဇူလိုင် ၂၀

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း သစ်ပင်စိုက်ပွဲတော်ကို ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာ၌ ဇူလိုင် ၇ရက်နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်မြနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီး ဌာနဦးစီးအရာရှိ ဦးအောင်ထွန်းကြည်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကျွန်း၊ မဲဇလီ၊ အော်ရီးရှားနှင့် ဘောစကိုင်း စသည့် ပျိုးပင်ပေါင်း ၃၁၀၀ကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်သစ္စာလမ်းတွင် စက်ယန္တရားဖြင့် ရေစီးရေလာကောင်းမွန်ရန်အတွက် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသန်းဌွေးဦးလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလှမိုး ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)



သာယာဝတီမြို့နယ်၌ မြေခင်းအလှပြုပြင်

သာယာဝတီ ဇူလိုင် ၁၂

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် မြို့သာယာလှပစေရေးအတွက် ရန်ကုန်-ပြည်လမ်းနှင့် ဆေးရုံလမ်းထောင့်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို ဇူလိုင် ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

သမဝါယမဦးစီးဌာန
သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများ
သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများတွင် ၂၀၀၅ ခုနှစ်၊ ဩဂုတ်လအတွင်း ဖွင့်လှစ်မည့် သင်တန်းများ၌တက်ရောက်လိုသူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူများသည် အောက်ပါအရည်အချင်းနှင့် ပြည့်စုံရမည်–
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မည်။
- (ခ) အနိမ့်ဆုံး အခြေခံပညာအထက်တန်းသင်ယူမှု အဆင့်ရှိရမည်။
- (ဂ) သင်တန်းချိန်အတွင်း အခြားမည်သည့် ကျောင်း/သင်တန်း/တက္ကသိုလ်/ကောလိပ်တစ်ခုခု၌ တက်ရောက်နေသူ မဖြစ်စေရပါ။

၃။ အောက်ပါသင်တန်းများအနက် တစ်ခုခုကို လျှောက်ထားနိုင်သည်–
- (က) စာရင်းကိုင်သင်တန်း
- (ခ) ကွန်ပျူတာသင်တန်း
- (ဂ) ရုံးလုပ်ငန်းသင်တန်း။

၄။ သင်တန်းကာလများမှာ ၃လနှင့် ၁၅ ရက်စီဖြစ်သည်။ လျှောက်ထားစာရင်းပေးသွင်းမှုအစီအစဉ်အရသင်တန်းအလိုက်သတ်မှတ်ဦးရေအထိသာ လက်ခံမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပုံစံများကို သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများ (ရန်ကုန်မြို့အတွက် အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်း မြို့နယ်တွင်လည်းကောင်း၊ မန္တလေးမြို့အတွက် အမှတ်–၁၆၉၊ ၈၃လမ်း၊ စစ်ကိုင်းတန်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့အတွက် ရွှေတောင်ရပ် အထက်လမ်းမကြီးတွင်လည်းကောင်း)တွင် ဝယ်ယူပြီး ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၉ရက်နေ့ မွန်းလွဲ၂း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

(အချိန်ပိုင်းသင်တန်းများလည်း ဖွင့်လှစ်မည်ဖြစ်ရာ သက်ဆိုင်ရာကျောင်းများ၌ စုံစမ်းနိုင်ပါသည်။)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၁၁)တရားရုံး
၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၃၅၇

၁။ ဦးတန်တိန်ဟောင်း (၎င်း၏တရားရုံးကိုယ်စားလှယ်စာရသူ ဦးတင်ငွေ(ခ)တန်ကြိမ်ဝိုင်)	**နှင့်**	၁။ ဒေါ်သမ်မေဟုန်(ခ) ဒေါ်လှိုင်လှိုင်ဌွေး
၂။ ဒေါ်သမ်ပေါ်တစ်		၂။ ဒေါ်သမ်မေပင်း အမှတ်(၁၆၇)၊ မြေညီထပ်၊၄၇လမ်း ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
၃။ ဒေါ်တင်တင်ရွှေ(ကွယ်လွန်သူ ဦးသမ်တိမ်ဝိုင်၏ဇနီး)		
၄။ ဒေါ်သမ်ယင်တစ်		
၅။ ဦးသမ်ကိမ်ပင်		
၆။ ဦးသမ်တိမ်ပေါင် (အမှတ် ၂မှ၆တို့၏ ကိုယ်စား တရားရုံး ကိုယ်စားလှယ်စာရသူ ဒေါ်သမ်ချိုင်တစ်နှင့် ဒေါ်သမ်မြူတစ်)		
၇။ ဒေါ်သမ်ချိုင်တစ်၊		
၈။ ဒေါ်သမ်မြူတစ်		
တရားလိုများ		**တရားပြိုင်များ**

အထက်အမည်ပါ အမှတ်(၂)တရားပြိုင် ဒေါ်သမ်မေပင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။ သင့်အပေါ် တရားလိုများက "တရားလိုများအမွေ ဆက်ခံ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် (ရန်ကုန်မြို့၊ လသာမြို့နယ် ၂၂လမ်း၊ အမှတ် ၆၅/၆၇/၆၉ ဟုခေါ်တွင်သော)အဆောက်အအုံ ဉပစာကို လက် ရောက်ရလိုမှု"စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၅ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့(၁၃၆၇ခုနှစ်၊ ဝါခေါင်လဆုတ် ၆ရက်)မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့ ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင်
တွဲဖက်တိုင်းတရားသူကြီး (၁၁)၊ ရန်ကုန်တိုင်းတရားရုံး။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန
၆၅၃/၆၉၁ကုန်သည်လမ်း၊ ရန်ကုန်မြို့။
လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် လစာနှုန်းကျပ်(၅၄၀၀–၁၀၀–၅၉၀၀)ဖြင့် ဒုတိယဦးစီးမှူး ရာထူး ကျား/မ(၂၂)နေရာ ဖြည့်စွက်ခန့်ထားနိုင်ရန် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ဘီကွမ်း၊ ဘီအီးကွမ်း၊ ဝိဇ္ဇာ(ဥပဒေ)ဘွဲ့ ရရှိသူဖြစ်ရမည်။ (ဤဦးစီးဌာနအတွင်းမှ ဝင်ရောက်ဖြေဆိုလိုသူ ဝန်ထမ်းများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။)
- (ဂ) ၁–၈–၂၀၀၅ နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ် မိတ္တူနှင့် ဘွဲ့လက်မှတ်၊ ဒီပလိုမာလက်မှတ်မိတ္တူများ ပူးတွဲတင်ပြရမည်။
- (င) ဝန်ထမ်းမဟုတ်သူများသည် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူနှင့် သက်ဆိုင်ရာရဲစခန်းမှ ၁–၇–၂၀၀၅ ရက်နေ့နောက်ပိုင်း ရယူထားသော မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက် မူရင်းပါရှိရမည်။
- (စ) စာမေးပွဲဝင်ကြေး ၁၀၀ိ/–(ကျပ်တစ်ရာတိတိ)ကို ရန်ကုန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃)၊ငွေစာရင်း ခေါင်းစဉ်အမှတ် MD008357သို့ ပေးသွင်းရပါမည်။ လျှောက်လွှာပုံစံများ ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဝယ်ယူနိုင်ပါသည်။
- (ဆ) လျှောက်လွှာကို သတ်မှတ်ပုံစံဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၆၅၃/၆၉၁)၊ကုန်သည်လမ်း၊ ရန်ကုန်မြို့သို့ ၁၉–၈–၂၀၀၅နေ့ကို နောက်ဆုံးထား၍ တိုက်ရိုက်လျှောက်ထားနိုင်သည်။
- (ဇ) ဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူကာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာ မိတ္တူကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရမည်။
- (ဈ) အောက်ဖော်ပြပါ ဘာသာရပ်များအတွက် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီးစာမေးပွဲကျင်းပမည့် နေ့ရက်ကို ထပ်မံကြေညာပါမည်။
  - (၁) မြန်မာစာနှင့် အင်္ဂလိပ်စာ
  - (၂) အထွေထွေဗဟုသုတ
- (ည) စုံစမ်းမေးမြန်းလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ အမှတ် (၆၅၃/၆၉၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၂၉၁၂၊ ၃၇၂၀၀၉သို့ဖြစ်စေဆက်သွယ်နိုင်ပါသည်။



Job Vacancy
(For Local Service Only)

1.	Chief Accountant (B.Com (CPA))	ကျား/မ	(၁)ဦး
2.	Accountant (B.Com/B.Act)	မ	(၃)ဦး
3.	Mechanic (ယာဉ်ကြီးပြင်)	ကျား	(၃)ဦး
4.	Store Keeper	ကျား	(၁)ဦး
5.	ယာဉ်ကြီးမောင်း	ကျား	(၄)ဦး
6.	ယာဉ်ငယ်မောင်း	ကျား	(၃)ဦး
7.	မော်တော်ယာဉ်မှူး	ကျား	(၂)ဦး

သက်ဆိုင်ရာ ရာထူးအလိုက် လုပ်သက်အတွေ့အကြုံရှိသူများ လျှောက် ထားနိုင်ပါသည်။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ဓာတ်ပုံ (၂) ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန် ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာနှင့်အတူ ယခု ကြော်ငြာ ပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက် ထားနိုင်ပါသည်။

(ပမာဏ ရွေးချယ်ခံရသူများကိုသာ လူတွေ့စစ်ဆေး ခေါ်ယူမည်ဖြစ်ပါသည်)

(Adventure Myanmar Co.,Ltd.)
No.27,Inya Myaing Road, Bahan Tsp,Yangon.

ဖခင်အမည်မှန်
တောင်တွင်းကြီးမြို့ အထက(၂) Vတန်း(B)မှ မောင်ဝင်း ကိုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဘချို ဖြစ်ပါသည်။

ဦးဘချို။

မသက်ဆိုင်တော့ပါကြောင်း
ကျွန်မ မသင်းသင်းထိုက်၁၀/မလမ(နိုင်)၁၂၂၃၆၁ နှင့် မောင်ဇော်ဝင်းတင် ၁၀/ခဆန (နိုင်) ၀၃၄၈၅၁ တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ယနေ့မှစ၍ ကျွန်မနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မသင်းသင်းထိုက်။

ပျဉ်းကတိုး၊ နှော၊ သဃ်န်း သစ်လုံးခွဲသား ဝယ်လိုသည်။ ဆက်သွယ်ရန်–
စာတိုက်သေတ္တာအမှတ်–၁၁၃၊ ရန်ကုန်မြို့။ Ph: 245734/ 537433/ 09-500-3129။

ဘီလူး ဟာသဇာတ်ကားသစ်ရုံတင် အပြင်းစားရိုက်ချက်ရွှေဆောင်ရုံတွင်ပြသ

ရန်ကုန် ဇူလိုင် ၂၉

ရုပ်ရှင်သတင်းထောက်

အကြည်တော်၏ဝတ္ထုကို ဒါရိုက်တာ မီးပွားရိုက်ကူးသည့် ဘီလူး ဟာသဇာတ်ကား ယခု သောကြာပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများ၌ ရုံဝင်လာသည်။

၁၃၀၀ပြည့်ဝန်းကျင် ကာလ မှ လူစွမ်းကောင်းဖြစ်ချင်သူ လူငယ်ကို အခြေခံကာ မြင်သာကျေးရွာလေး တစ်ဦး၏ ဘဝကို ဟာသ နှောကာ ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။

ဘီလူးဇာတ်ကားမှ ဟာသသရုပ်ဆောင် ဇာဂနာ၏ သရုပ်ဆောင်ဟန်။

ဒါရိုက်တာမိုက်တီး၏ **အပြင်းစားရိုက်ချက်**ဇာတ်ကားမှာ ရွှေဆောင်ရုံတွင်ပြသဆဲဖြစ်သည်။ နေပြည်တော်ရုံတွင် နာမည်ကြီးမင်းသား ဂျက်လီ ခေါင်းဆောင် ပါဝင်ထားသော Unleashed နိုင်ငံခြား အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။

သရုပ်ဆောင်ဒါရိုက်တာ လူမင်း၏ **ကျန်စစ်မင်း** ဇာတ်ကားမှာ မြို့လယ် ဝဇီရာရုံတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။

ချစ်ပါနော် မောင့်ကိုဇာတ်ကားမှ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်။

ကျန်စစ်မင်း ဇာတ်ကား၏ ရိုက်ကွင်း တစ်နေရာ။

ကျော်သူ၊ ရဲအောင်၊ ဇင်ဝိုင်း၊ နေမျိုးအောင် (နှစ်ကိုယ်ခွဲ)၊ ပြည့်စုံ၊ မေသန်းနု၊ ခိုင်သင်းကြည်နှင့် စိုးမိုးကြည်တို့ ခေါင်းဆောင်ပါဝင်ထားသော **စံအိမ်ကို စိန်နဲ့ မွန်းပါ့မယ်** မြန်မာအဆင့်မြင့် ဗီဒီယိုဇာတ်ကား ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ရုံဝင်လာသည်။

ဆုထူးပန်ရုံတွင် အိန္ဒိယရာဇဝင်ဇာတ်ကား Asokaပြသလျက်ရှိသည်။ ယင်း ဇာတ်ကားတွင် နာမည်ကြီး မင်းသား ရာရှွတ်ခန်ခေါင်းဆောင်ပါဝင်ထားသည်။ မြို့မရုံတွင် AK 47 ဇာတ်ကားပြသနေပြီး ရွှေဂုံရုံအပေါ်ထပ်၌ Deewane အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ရွှေဂုံရုံ မြေညီထပ်တွင် ဒါရိုက်တာ လွင်မင်း ရိုက်ကူးပြီး ရာဇာနေဝင်းနှင့် နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသော **ချစ်ပါနော် မောင့်ကို** ဇာတ်ကား ပြသလျက် ရှိသည်။ ။ **(မြန်မာ့အလင်း)**

ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းရေး မြန်မာ့ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ကြီးမားစွာ ရှေ့ဆောင်ရှေ့ရှက်လမ်းကြောင်းမှန်ဖော်ပေးမှု အနုပညာရှင်ကြီးများ၊ ဦးစီးကော်မတီနှင့်အဆင့်ဆင့်သောကော်မတီဝင်များ အားထုတ်လုပ်ကိုင်

ရန်ကုန် ဇူလိုင် ၂၉

တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံနှင့် လူမျိုး၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် မိမိတို့တွင် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြံ့ခိုင်မှု၊ စွမ်းရည်ရှိမှုတို့ကို အခြေခံသော စည်းလုံးညီညွတ်မှု ရှိရန်ပင် ဖြစ်ကြောင်း၊ သို့မှသာလည်း ကျစ်လျစ်ခိုင်မာသည့် တစည်းတလုံးတည်းသော စွမ်းအားကို ရရှိမည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားရေးမျှော်မှန်းချက်ပန်းတိုင် နီးကပ်လာသည်နှင့်အမျှ ဟန့်တားနှောင့်ယှက်မှုအဖျက်လုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်လာ အပြုသဘောစွမ်းအားများမြှင့်တင်ပြီး အမျိုးသားရေးသတိဖြင့်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အဆင့်အလိုက် အောင်မြင်ပြည့်မြောက်ရေးသည် ပြည်သူများ၏ အသိဖြင့် ယှဉ်သောပူးပေါင်းပါဝင် ထောက်ကူပေးမှု လိုအပ်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသူ စံပြဆုကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန ရန်ကုန်တက္ကသိုလ်မှလက်ထောက်ကထိက ဒေါ်ငြိမ်းသီတာအား ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)